မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၂ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၁၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိတ္ထီလာ-ကလော-တောင်ကြီးလမ်း အဆင့်မြှင့်တင် တိုးချဲ့နေမှုအခြေအနေများ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၀ရက် နံနက် ၇နာရီက ကလောမြို့ သစ်တောဦးစီးဌာန အင်းပြင်အမြဲတမ်းပျိုးဥယျာဉ်သို့ ရောက်ရှိရာ ပြည်နယ်သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❐

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကလောမြို့ ရေအေးကန်တွင် ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၁၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၂/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၁၃ ရက်)

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၁၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) အား ၂၀၁၀ပြည့်နှစ်၊ မေလ ၁၃ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ မှတ်ပုံတင်အမှတ်မှာ (၅) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုလျက်ရှိ

နေပြည်တော် မေ ၁၃

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော အဖွဲ့များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီက ၂၀၁၀ခုနှစ် မေ ၁၃ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အဖွဲ့များအနက် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် မေ ၁၃ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ(၃၇)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၁၄)ပါတီအနက် ပါတီ(၅)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၁၄ ရက်)

ရှေးဟောင်းယဉ်ကျေးမှု သမိုင်းအမွေအနှစ်များ ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု ထွန်းကားခဲ့သော နိုင်ငံဖြစ်သည်။ တကောင်း၊ ဗိသနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာစသည့် ရှေးဟောင်းပျူမြို့တော်များတွင် တူးဖော်တွေ့ရှိရသည့် မှတ်တမ်းများအရ မြန်မာ့ယဉ်ကျေးမှု စတင်ထွန်းကားသောကာလသည် အလွန်ရှေးကျခဲ့သည်။

လူသားမျိုးနွယ်စု၏ မူလအစဖြစ်သည့် အဆင့်မြင့်ပရိုင်းမိတ်များနှင့် အခြားကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေသုတေသနပြုရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနသည် ပုံတောင်ကျောက်လွှာစုအတွင်း ပရိုင်းမိတ်နှင့် အခြားကျောက်ဖြစ်ရုပ်ကြွင်းများ လေ့လာခြင်း၊ ဧရာဝတီ ကျော်လွှာစုအတွင်း ပရိုင်းမိတ်နှင့် အခြားကျောက်ဖြစ်ရုပ်ကြွင်းများ လေ့လာခြင်း၊ ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း သုတေသနပြုခြင်း လုပ်ငန်းများကို ၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၉ရက်မှ ဒီဇင်ဘာ ၁၃ရက်နေ့အထိ ကွင်းဆင်းပြုလုပ်ခဲ့သည်။

ပုံတောင်ကျောက်လွှာစုဖြစ်သော မြိုင်မြို့နယ် ပေါက်တောကျေးရွာ၏ အနောက်မြောက်ဘက်ကြား ကန်ကျစ်ချောင်းမှ ပုံတောင်ဂျီးယား အမျိုးအစား ပရိုင်းမိတ်၏ ညာဘက်အောက်အံသွားစု၊ မြိုင်မြို့နယ် ပန်းကန်ရွာ၏ အနောက်ဘက်ရှိ ကျစ်ချောင်းအမှတ်(၁)မှ အမ်ဖီပီး သီးကပ် အမျိုးအစား ပရိုင်းမိတ်၏ ဘယ်ဘက်ပါးရိုးအပါအဝင် အကြိုအံသွား၊ အပေါ်မေးရိုးအပိုင်းအစတစ်စုအပါအဝင် ရှေးဦးသတ္တဝါ ၁၂မျိုးတို့၏ ရုပ်ကြွင်း ၁၀၉ခု၊ ဧရာဝတီကျောက်လွှာ လေ့လာသုတေသနပြုရာ၌ ဆိပ်ဖြူမြို့နယ် ပိတ်ဆွယ်ကျစ်ချောင်းမှ ကိုလိုဗိုင်းအမျိုးအစား ပရိုင်းမိတ်၏ ဘယ်ဘက်အပေါ်အံသွားစသည်ဖြင့် အဆင့်မြင့် ရှေးဦးသတ္တဝါ ၁၉မျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း ၁၈၇ ခု၊ အခြား နို့တိုက်သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်း စုစုပေါင်း ၂၉၆ခုတို့ကို သုတေသနပြုနိုင်ခဲ့သည်။

ရှာဖွေတွေ့ရှိသော ပုံတောင်ပရိုင်းမိတ်များ၏သက်တမ်းသည် နှစ်သန်းပေါင်း ၃၇ဒသမ၂သန်း ရှိပြီဖြစ်၍ ကမ္ဘာ့အခြားနေရာများနှင့် ရှာဖွေတွေ့ရှိပြီးဖြစ်သော ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများထက် သက်တမ်းပိုမိုရှေးကျသည့်အပြင် မြန်မာတို့၏ အမျိုးသားအမွေအနှစ်အဖြစ် ဂုဏ်ယူရပ်တည်နိုင်ပြီ ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းအထောက်အထားများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့သည် ၎င်းတို့ ဖြစ်တည်ရှင်သန်ခဲ့သော ပထဝီအနေအထားနှင့် တူးဖော်တွေ့ရှိရသည့် အထောက်အထားများက သက်သေပြလျက်ရှိရာ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သမိုင်းအမွေအနှစ် သက်သေအထောက်အထားများကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ထို့နောက် ဝန်ကြီး ဦးသိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် မော်လမြိုင်ကျွန်းမြို့နယ် အဆင့်မြင့်စက်ချုပ်အထူးသင်တန်း အမှတ်စဉ်(၂)နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၄)သို့ ရောက်ရှိပြီး အဆင့်မြင့်စက်ချုပ် အထူးသင်တန်းသူများ၏ လက်တွေ့စက်ချုပ်လေ့ကျင့်နေမှုနှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်းသူများ၏ အချက်အပြုတ်ပညာသင်တန်း လေ့ကျင့်နေမှုများ၊ သိုးမွေးထိုးပညာသင်တန်း လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် သင်တန်းသူများက လေ့ကျင့်ချုပ်လုပ်ခဲ့သော အဝတ်အထည်များ၊ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။ **(အပေါ်ဝဲပုံ)**

လေ့ကျင့်သင်ကြားပေးလျက်ရှိ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မော်လမြိုင်ကျွန်းမြို့ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၄)ကို မြို့နယ်အတွင်းရှိ လေဘောသင့်ကျေးရွာများမှ အမျိုးသမီးငယ် ၃၀ဖြင့် စက်ချုပ်ပညာ၊ လက်မှုပညာ၊ အာဟာရမပျက် ချက်ပြုတ်နည်းပညာရပ်များကို လည်းကောင်း၊ အဆင့်မြင့်စက်ချုပ်အထူးသင်တန်း အမှတ်စဉ်(၂)ကို လေဘောသင့်ကျေးရွာများမှ အခြေခံသင်တန်းတက်ရောက်ပြီးသူ သင်တန်းသူ ၃၀ဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားကာ နေထိုင်စားသောက်ရေးနှင့် သင်ကြားမှု အထောက်အကူပစ္စည်းများကို အခမဲ့ထောက်ပံ့၍ မေ ၃ရက်မှ စတင်ပြီး ရက်သတ္တ ၁၀ပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် အိမ်တွင်းမှုအတတ်ပညာများဖြင့် အသက်မွေးဝမ်းကျောင်းနိုင်သည်အထိ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အိမ်တွင်းမှုသင်တန်းကျောင်းများမှ နည်းပြများဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မအူပင်မြို့နယ်၌ ဆိပ်သာ-ကျုံနတ္တော်-ကျွဲဒိုးမြေသားလမ်းဖွင့် မြေသားလမ်းမှတစ်ဆင့် မအူပင်မြို့ပေါ်သို့ လွယ်ကူစွာသွားလာနိုင်ပြီ

ရန်ကုန် မေ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် မေ ၈ရက် နံနက်ပိုင်းက မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သည့် မအူပင်မြို့နယ် ဆိပ်သာ-ကျုံနတ္တော်-ကျွဲဒိုးမြေသားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ဆိပ်သာ-ကျုံနတ္တော်-ကျွဲဒိုးမြေသားလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုသည်။

လွယ်ကူစွာသွားလာ

အဆိုပါ ဆိပ်သာ-ကျုံနတ္တော်-ကျွဲဒိုး မြေသားလမ်းသည် မအူပင်မြို့နယ်အတွင်းရှိ ဆိပ်သာကျေးရွာ၊ ကျုံနတ္တော်ကျေးရွာ၊ ကျွဲဒိုး ကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အကျယ် ၁၅ပေ၊ အရှည် ၃မိုင် ၂ဖာလုံရှိသော မြေသားလမ်းဖြစ်ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြု ရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သောလမ်း ဖြစ်သည်။ ယင်းလမ်းသည် မအူပင်မြို့နယ်အတွင်းရှိ ဆိပ်သာကျေးရွာ၊ ကျုံနတ္တော်ကျေးရွာ၊ ကျွဲဒိုးကျေးရွာများအပါအဝင် ကျေးရွာအုပ်စု ၁၀အုပ်စု၊ ကျေးရွာခွဲပေါင်း ၆၆ရွာနေ ကျေးလက်ပြည်သူများအတွက် ယခင်က ရေလမ်းကိုသာ အားထားအသုံးပြုခဲ့ရာမှ ယခုဖောက်လုပ်ပြီးစီးသည့် မြေသားလမ်းမှတစ်ဆင့် ဆိပ်သာ-အောင်ဟိတ် လမ်းမှ တစ်ဆင့် မအူပင်မြို့ပေါ်သို့ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သဖြင့် ကျေးလက်နေ ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများ ပိုမိုတိုးတက် ကောင်းမွန်လာပြီဖြစ်ကြောင်း၊ အဆိုပါ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် ကြိုတင်တားဆီးကာကွယ်ရေး ဗဟုသုတနှင့် သတင်းအချက်အလက်များ ဆွေးနွေးဖလှယ်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(လှိုင်မြို့နယ်)က ကျင်းပသော ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် မူးယစ်ဆေးဝါးအလွဲသုံးမှု ကြိုတင်တားဆီးကာကွယ်ရေး၊ ဗဟုသုတနှင့် သတင်းအချက်အလက်များ ဆွေးနွေးဖလှယ်ပွဲကို မေ ၁၂ရက်က လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုဥက္ကဋ္ဌ ဦးစံသိန်း(ရဲချုပ်-ငြိမ်း)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခိုင်စိုး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း)၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုနှင့် တိုင်းတို့မှ ဆရာဝန်ကြီးများ၊ ပညာရှင်နှင့် ဆွေးနွေးရန် လူငယ် ကျား/မ ပေါင်း ၅၀ခန့် တက်ရောက်ကြပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ အနုပညာရှင်များက လူငယ်များအား နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်(၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်(၄)ရပ်မှ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး စသည့် ဦးတည်ချက်များကို လူငယ်များသိရှိစေရန် ပညာပေးဆွေးနွေးကြသည်။ **(ယာပုံ)** **(မြန်မာ့အလင်း)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်၊
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဉာဏ်စဉ်သုံးပါး** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၀)
၈:၃၀ Sports World (Football Asia)
၈:၅၅ သဒ္ဒါအားမာန်ထက်ရင့်သန် မြောင်းမြမြို့ရဲ့ ဒါနဆွမ်းဆန်
၉:၀၀ Activities in the City (ဟက်ကက်ရဲ့ဂိမ်းကစားပွဲ တေးစီးရီးမိတ်ဆက်အခမ်းအနား)
၉:၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဂျော်လီဆွေ) (အပိုင်း-၂)
၁၀:၀၅ သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်း (လော့်ကားဥယျာဉ်)
၁၀:၂၅ ဝါခင်းကုန်း၏ ပန်းမွေ့ရာခင်းပွဲတော်
၁၀:၅၀ ဖက်ရှင်လမ်းညွှန် (ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင်)
၁၁:၁၅ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၁၁:၃၀ ခြိမ့်ခြိမ့်သဲညံမိုးသို့လျှံ မလှိုင်မြို့မှ အလှူတော်မင်္ဂလာစည်ဖြေသံ
၁၁:၄၅ VJ Choice
၁၂:၁၅ မော်လမြိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး
၁၂:၂၅ အဖိုးတန်သောသဘာဝ သယံဇာတမြေ ဟူးကောင်း
၁၂:၄၀ **လူဖြစ်ရှုံးပါပြီကွာ...** ရုပ်ရှင်သရုပ်ဆောင်များ (ဒါရိုက်တာ-ညီညီထွန်းလွင်)
၁၂:၄၅ သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်း (လော့်ကားဥယျာဉ်)
၁:၀၀ **ဉာဏ်စဉ်သုံးပါး** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (တေးရေး/ဆို အောင်နိုင်)
၃:၂၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၀)
၄:၁၀ ဝါခင်းကုန်း၏ ပန်းမွေ့ရာခင်းပွဲတော်
၄:၃၀ သဒ္ဒါအားမာန်ထက်ရင့်သန် မြောင်းမြမြို့ရဲ့ ဒါနဆွမ်းဆန်
၄:၄၀ Activities in the City (ဟက်ကက်ရဲ့ဂိမ်းကစားပွဲ တေးစီးရီးမိတ်ဆက်အခမ်းအနား)
၅:၀၀ World of Knowledge (Ancient Mega Structures Pyramid)
၆:၀၀ MRTV-4 သတင်း
၆:၂၀ လှပသစ်ဆန်း အလှပြင်ခန်း (Tony Tun Tun Beauty Planet)
၆:၄၀ Nokia မှသည် Handset ကမ္ဘာဆီသို့
၇:၀၅ ဖက်ရှင်လမ်းညွှန် (ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင်)
၇:၃၀ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ VJ Choice
၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (တေးရေး/ဆို အောင်နိုင်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၀)
၁၀:၀၀ ခြိမ့်ခြိမ့်သဲညံမိုးသို့လျှံ မလှိုင်မြို့မှ အလှူတော်မင်္ဂလာစည်ဖြေသံ
၁၀:၁၀ မော်လမြိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး
၁၀:၂၀ လှပသစ်ဆန်း အလှပြင်ခန်း (Tony Tun Tun Beauty Planet)
၁၀:၄၅ Nokia မှသည် Handset ကမ္ဘာဆီသို့
၁၁:၀၀ စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း၊ မြန်မာ့အနုပညာ)
၁၁:၂၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၃၅ အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းမေနို့မှုန့်မှာ
၁၁:၅၅ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၁၂:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (**Friction**)မှ သဘာဝတည်ငြိမ်လျှပ်စစ် (**Static Electricity**)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

ရောဝတီတိုင်း ပုသိမ်ခရိုင် လပွတ္တာမြို့နယ် ကျုံကူးရွာရှိ ကျုံကူးချောင်းတံတား ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် မေ ၉ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ပုသိမ်ခရိုင် လပွတ္တာမြို့နယ် ကျုံကူးရွာရှိ ကျုံကူးချောင်းတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကျုံကူးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျုံကူးရွာ ပြည်သူ့ဆေးရုံနှင့် ကျုံကူးရွာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ဝန်ကြီးသည် မေ ၁၀ ရက် နံနက်ပိုင်းက လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ကုန်းသာယာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ် အလှူရှင် အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမှ သုခမ္မမဏိဇောတရေ ဦးစိုးနိုင်က ကျောင်းဆောင်သစ်ကို လွှဲပြောင်း ပေးအပ်ရာ ဧရာဝတီတိုင်း လက်ထောက်တိုင်းပညာရေးမှူး ဦးမင်းနိုင်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခြေခံပညာအလယ်တန်းကျောင်းမှာ အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိပြီး သံကူကွန်ကရစ် အဆောက်အအုံ ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် သမဲ့ဖြူ ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး အလှူရှင်များကိုယ်စား ဦးဇော်ဘိုခန့် (မန်နေဂျင်းဒါရိုက်တာ မြန်မာတကောင်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်)က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။ အဆိုပါ အခြေခံပညာ မူလတန်းကျောင်းမှာ အလျားပေ ၄၀၊ အနံ ပေ ၃၀ ရှိပြီး အာရ်စီနှစ်ထပ်ကျောင်းဆောင် ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် လမ်းအရှည် ခုနစ်မိုင်ခွဲရှိ လပွတ္တာခရိုင် ဟိုင်းကြီးကျွန်း မြို့နယ်ရှိ အုတ်တွင်း-ထိပ်စွန်းလမ်းပိုင်း ကတ္တရာခင်းကျင်းပြီးစီးမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ်ဆောက်လုပ်ရေး လှူဒါန်းနိုင်

ဗန်းမော် မေ ၁၃

ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ရာ ဦးတင်အောင် (ကျောင်းအုပ်ဆရာကြီး) ဖုန်း-၀၇၄-၅၀၂၇၇၊ ဦးမြင့်ဆွေ(ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့) ဖုန်း- ၀၇၄-၅၀၃၆၄၊ ဦးကျော်စိုး ဖုန်း-၀၇၄- ၅၀၂၂၃၊ ၀၉-၆၄၂၂၂၀၊ ဦးချစ်ကို ဖုန်း- ၀၇၄-၅၀၇၉၀၊ ၀၉-၆၄၂၂၁၂၀၊ ဦးကျော်ဆွေ(အတွင်းရေးမှူး၊ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီ) ဖုန်း-၀၉- ၉၀-၅၈၆၁၂၊ ဦးမောင်လှခင် ဖုန်း-၀၇၄- ၅၀၆၀၄၊ ရန်ကုန် ဖုန်း-၀၁-၃၈၅၆၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ် ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက် အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွား ပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည် များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်း နိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီး ရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။ ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များထုတ်ပြန်၍ မီဒီယာများမှတစ်ဆင့် သတိပေးနှိုးဆော်လျက်ရှိသော်လည်း အချို့မှာ အလေးထားလိုက်နာမှု မရှိသည့်အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အတိအကျ လိုက်နာဆောင်ရွက်သွားကြရန် ထပ်ဆင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

❒ ရှေ့ဖုံးမှ

ကာကွယ်ထိန်းသိမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က သဘာဝသစ်တောများကို စနစ်တကျ ကာကွယ်ထိန်းသိမ်းရန်နှင့် သစ်တောများ ပြန်လည်ဖြစ်ပေါ်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်အတူ လက်တွဲ၍ အောင်မြင်အောင် ဆောင်ရွက်ကြရန်တို့ကို မှာကြားပြီး ပျိုးဥယျာဉ်အတွင်း သစ်ပင်များပျိုးထောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ကလောမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး လူနာများအား အားပေးစကားပြောကြား၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရေအေးကန်သို့ရောက်ရှိပြီး ကန်အတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေနှင့် ကန်ကြွခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကန်အတွင်း ရေပိုမိုသိုလှောင်ထားရှိနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မိတ္ထီလာ-ကလော-တောင်ကြီးလမ်း မိုင်တိုင်အမှတ် ၆၄မိုင်၃ ဖာလုံနှင့် မိုင်တိုင်အမှတ် ၄၀ တို့၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လမ်းစံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ယင်းမာပင် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မိတ္ထီလာ-ကလော-တောင်ကြီးလမ်း အဆင့်မြှင့်တင်တိုးချဲ့ဖောက်လုပ်နေမှုနှင့် ပြီးစီးသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဖီဂျီသမ္မတနိုင်ငံတို့အကြား သံတမန် အဆက်အသွယ်ပြုလုပ်

နေပြည်တော် မေ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဖီဂျီသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် သံတမန် ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၀ခုနှစ် မေ ၁၀ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ ဖီဂျီအမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၀ခုနှစ် မေ ၁၀ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖီဂျီသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၀၁) နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်သည်။

(သတင်းစဉ်)

ပုသိမ်ကြီးမြို့နယ်စာပေစာနယ်ဇင်း သက်ကြီးပူဇော်

ပုသိမ်ကြီး မေ ၁၃

ပုသိမ်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပထမအကြိမ် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ပွဲကို မေ ၈ရက် မွန်းလွဲ ၁ နာရီက ပုသိမ်ကြီးမြို့နယ် မြို့မပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ရှေးဦးစွာ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအရိယဝံသ(ပုသိမ်ကြီး အရှင်အရိယဝံသ၊ ပုသိမ်ကြီး မောင်ရန်ကင်း)က ဩဝါဒကထာချီးမြှင့်တော်မူသည်။

ပူဇော်ကန်တော့

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ စိုင်းနိုင်ဆွေ (နိုင်စေရ-မန်းတက္ကသိုလ်)၊ အတွင်းရေးမှူး အောင်ကျော်ထွန်း(ပုသိမ်ကြီး)နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးအား သက်န်းနှင့် လှူဖွယ်များဖြင့်လည်းကောင်း အသက် ၇၀နှင့်အထက် သက်ကြီးစာပေ ပညာရှင်ကြီးများ ဖြစ်ကြသော ဦးမောင်မောင်သက်၊ ဦးချစ်သန်း၊ ဦးသန်းနှင့် ဦးလှတင်တို့အား ဂါရဝပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(၁၁၃)**

နေပြည်တော်တပ်ကုန်း မြို့မဈေး မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဈေးသူ ဈေးသားများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းတို့ကို မေ ၁၀ ရက်က ဈေးမမ္မာရုံအနီးကွင်းပြင်၌ ပြုလုပ်စဉ်။ (၀၉၁)

ခြင်ဆေး
မီးပွား
သတိမထားက
စီးပွား၊
ဥစ္စာ
ကုန်လိမ့်မည်

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များထုတ်ပြန်၍ သတိပေးနှိုးဆော်လျက်ရှိ

ပြည်သူများအနေဖြင့် အထူးဂရုပြု လိုက်နာဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်

နေပြည်တော် မေ ၁၃

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သော မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်း အပူချိန်လွန်ကဲမှုကြောင့် ပြည်သူအချို့ ဆေးရုံတက်ရောက်ကုသမှုခံယူရခြင်း၊ ဆေးရုံတက်လူနာများအနက် အချို့သေဆုံးခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

သေဆုံး

မကွေးတိုင်း တောင်တွင်းကြီးမြို့ မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာအချို့၌ အပူချိန်လွန်ကဲမှုကြောင့် တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် မေ ၁၂ရက်အထိ လူနာ ၁၁ဦး တက်ရောက်ကုသမှု ခံယူခဲ့ကြောင်း၊ ယင်းလူနာများအနက် မေ ၃ရက်က တစ်ဦး၊ မေ ၄ရက်က တစ်ဦး၊ မေ ၅ရက်က တစ်ဦး၊ မေ ၇ရက်က သုံးဦး၊ မေ ၁၀ ရက်က တစ်ဦး စုစုပေါင်း ခုနစ်ဦးသေဆုံးခဲ့ပြီး ကျန်လူနာလေးဦးမှာ ဆေးရုံက ဆက်လက် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ကြပ်မတ်ကုသ

ထို့အတူ မန္တလေးတိုင်း ညောင်ဦးမြို့နယ်၌ အပူချိန်လွန်ကဲမှုကြောင့် ညောင်ဦးမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဖျားနာ၊ မူးဝေ၊ မောပန်းလူနာ ၁၄ဦး တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း၊ ဆေးရုံတက်လူနာများအား ဆေးရုံအုပ်ကြီးနှင့်တာဝန်ကျ ဆရာဝန်များ၊ သူနာပြုများက ကြပ်မတ်ကုသပေးလျက်ရှိကြောင်း၊ လူနာသေဆုံးမှုမရှိကြောင်း သိရသည်။

အထူးဂရုပြု

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များထုတ်ပြန်၍ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် နေ့စဉ်သတိပေး နှိုးဆော်လျက်ရှိသော်လည်း အချို့မှာ အလေးထားလိုက်နာမှုမရှိသည့်အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းနှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အထူးဂရုပြု လိုက်နာဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကိုရီးယားနှင့် ယူအေအီး နှစ်နိုင်ငံပူးပေါင်းမြှင့်တင်

ဆိုးလ် မေ ၁၃

တောင်ကိုရီးယားအစိုးရနှင့် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး) အစိုးရတို့သည် ပြည်သူ့ကျန်းမာရေးနှင့် ဆေးဝါးထောက်ပံ့ရေး အပါအဝင် ကုန်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍများ၌ နှစ်ဦးနှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် သဘောတူညီကြကြောင်း တောင်ကိုရီးယားသတင်းဌာနက မေ ၁၂ ရက်တွင် ထုတ်လွှင့်သည်။

ဆွေးနွေး

တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးနှင့် ယူအေအီးဘဏ္ဍာရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးပြီးနောက် အဆိုပါနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပြီး နှစ်နိုင်ငံအနေဖြင့် နှစ်ဦးနှစ်ဖက်အကျိုးတူ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံကုမ္ပဏီများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍လည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်ဟု တောင်ကိုရီးယားသတင်းဌာနက ထုတ်လွှင့်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနှင့် ပါကစ္စတန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်မည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးပြောကြား

နယူးဒေလီ မေ ၁၃

အိန္ဒိယနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ပါကစ္စတန်နိုင်ငံ၏ ဖိတ်ခေါ်ကမ်းလှမ်းမှုကို မိမိတို့ လက်ခံရရှိထားကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်နာက မေ ၁၃ရက်၌ ပြောကြားသည်။

ရပ်ဆိုင်း

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ၂၀၀၈ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံဆွေးနွေးပွဲများ ရပ်ဆိုင်းခဲ့ရသည်။ ယခုအခါ နှစ်နိုင်ငံဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ကြိုးစားခြင်းဖြစ်သည်။

သွားမည်

မိမိအနေဖြင့် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့သို့ မကြာမီသွားရောက်ရန် စီစဉ်ထားပြီး နှစ်နိုင်ငံဆွေးနွေးပွဲများလာမည့် ဇူလိုင်လအတွင်း ပြန်လည်စတင်နိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

(အင်တာနက်)

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် တာလင်းမြို့၌ကျင်းပသည့် ၂၀၁၀နိုင်ငံတကာစက်မှုကုန်စည်ပြပွဲအတွင်း လာရောက်ကြည့်ရှုလေ့လာသူများကို မေ ၁၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်-လက်ဘနွန် ဆက်ဆံမှု တိုးမြှင့်ရေး အာမခံပြောဆို

ပေကျင်း မေ ၁၃

တရုတ်နှင့် လက်ဘနွန် စစ်ဘက်ဆိုင်ရာထိပ်တန်းအရာရှိကြီးများသည် မေ ၁၂ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အာမခံပြောကြားလိုက်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ) ဦးစီးအရာရှိချုပ် ချန်ဘင်ဒီနှင့် လက်ဘနွန်စစ်ဦးစီးအရာရှိချုပ် ချော်ကီမာစ်ရီတို့သည် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်ကဏ္ဍတို့၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ချီးကျူးပြောကြားသည်။

ချီးကျူးပြောကြား

၄င်းနှစ်နိုင်ငံအနေဖြင့် မကြာသေးမီနှစ်အနည်းငယ်အတွင်း စစ်ဘက်ဆိုင်ရာဆက်ဆံမှုတိုးတက်မြင့်မားလာနိုင်ခြင်းကိုလည်း ချီးကျူးပြောကြားသည်။

ထောက်ခံ

လက်ဘနွန်နိုင်ငံအနေဖြင့် တရုတ်တစ်ပြည်ထောင်မူဝါဒကို အစဉ်လေးစားထောက်ခံသွားမည်ဖြစ်ကြောင်း ချော်ကီမာစ်ရီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆေးကုသ

တောင်အာဖရိကမှ ထွက်ခွာလာသော လစ်ဗျားလေယာဉ်ပျက်ကျမှုအတွင်း အသက်ရှင်ကျန်ရစ်ခဲ့သူ ၁၀နှစ်အရွယ် ဒတ်ချ် ကလေးငယ်တစ်ဦး ဆေးကုသမှုခံယူနေသည်ကို မေ၁၃ရက်က တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (အင်တာနက်ဓာတ်ပုံ)

တရုတ်တောင်ပိုင်း၌ မိုးသည်းထန်၊ မြေပြိုမှု ပြည်သူ ၁၀သန်း အိုးမဲ့အိမ်မဲ့ဖြစ်ကြရ

ပေကျင်း မေ ၁၃

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်အတွင်း မေ ၁၂ရက်က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေကြီးမှုများဖြစ်ပွားလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိုးမဲ့အိမ်မဲ့ဖြစ်

အဆိုပါ ပြည်နယ်ရှိ ဝမ်ကျွမ်းစီရင်စု၌ ရေကြီးမှုအဆိုးရွားဆုံးဖြစ်ပွားလျက်ရှိပြီး ရေကြီးမှုနှင့်မြေပြိုမှုတို့ကြောင့် နေအိမ် ၁၀၀၀၀ကျော် ပြိုကျပျက်စီးခဲ့ရပြီး ပြည်သူအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

လျှပ်စစ်မီးပြတ်တောက်

ကွမ်ကျိုနှင့် ကျန်စီပြည်နယ်များ၌လည်း ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားလျက်ရှိသည်ဟုဆိုသည်။ ထို့ပြင် အဆိုပါဒေသများ၌ လျှပ်စစ်မီးပြတ်တောက်လျက်ရှိသည်ဟု သိရသည်။

ဆောင်ရွက်

တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် ယင်းနေ့၌ မိုးသည်းထန်သဖြင့် မြေပြိုမှုဒဏ်ကို ပြည်သူ ၁၀ သန်းကျော်ခံစားနေကြရပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တူရကီ၏ အီရန်ဆိုင်ရာပြဿနာ ဆီးရီးယားနှင့် ကာတာထောက်ခံ

အင်ကာရာ မေ ၁၃

အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာကို သံတမန်နည်းဖြင့် ဖြေရှင်းမည့် တူရကီအစိုးရ၏ ကြိုးပမ်းမှုများကို ဆီးရီးယားနှင့်ကာတာတို့က ထောက်ခံမည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတော့ဂလူက မေ ၁၂ရက်တွင် ပြောကြားသည်။

အားပေးထောက်ခံ

အနောက်အုပ်စုအင်အားကြီးနိုင်ငံများနှင့် အီရန်ကြား ဖျန်ဖြေပေးမည့် ပေါ်တူဂီ၏ ကြိုးပမ်းမှုများကို ဆီးရီးယားနှင့် ကာတာခေါင်းဆောင်များက အားပေးထောက်ခံသည်ဟု တူရကီထိပ်တန်းသံတမန်က ဖော်ပြသည်။

ကြိုးပမ်း

သုံးနိုင်ငံခေါင်းဆောင်တို့က ဒေသတွင်းပေါ်ပေါက်လျက်ရှိသည့် တင်းမာမှုများကို ရှုတ်ချကြပြီး ဒေသဆိုင်ရာငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုရည်ရွယ်သည့် ကြိုးပမ်းမှုများကို ထောက်ခံသည်ဟု အလေးအနက်ပြောကြားသည်။ (အင်တာနက်)

အီရန်သို့ အက်စ်- ၃၀၀ ဒုံးကျည်စနစ်ပေးပို့မှု အမေရိကန်နှင့် ရုရှားဆက်ဆံရေးထိခိုက်နိုင်

နယူးယောက် မေ ၁၃

ရုရှားလုပ်လေယာဉ်ပစ်လက်နက် အက်စ်-၃၀၀အမည်ရှိလက်နက် အီရန်သို့တင်ပို့နေမှုကြောင့် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ၏ ဆက်ဆံရေးတွင် စိုးရိမ်ဖွယ်ကောင်းသည့် အကျိုးဆက်များ ပေါ်ပေါက်လာနိုင်ကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမား၏ အထက်တန်းအကြံပေးတစ်ဦးက ပြောကြားလိုက်သည်။

စာချုပ်ချုပ်ဆို

ရုရှားအနေဖြင့် အမေရိကန်၏သဘောထားကို နားလည်သည်ဟုမိမိထင်မြင်ကြောင်း၊ ယင်းလက်နက်စနစ်ပို့ဆောင်ခြင်းဖြင့် နှစ်နိုင်ငံ၏ဆက်ဆံရေးတွင် ထူးခြားစွာ ထိခိုက်နိုင်သည်ဟု ရုရှားများအား မိမိတို့ ရှင်းရှင်းလင်းလင်းပြောကြားပြီးဖြစ်ကြောင်း စသည်ဖြင့် ရိုက်တာသတင်းဌာနက ဖော်ပြသည်။ ရုရှားက အီရန်သို့ ခေတ်မီဒုံးကျည်စနစ်ကိုပေးပို့မည့် ကန်ထရိုက်စာချုပ် ချုပ်ဆိုမည်ဟုရုရှားအထက်တန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

(အင်တာနက်)

ဆိုမာလီဓားပြများက ဘာမြူဒါသင်္ဘော ပြန်လွှတ်ပေးခဲ့

မိုဂါဒစ်ရှူး မေ ၁၃

ဆိုမာလီဓားပြများက ခြိမ်းခြောက်တောင်းခံငွေဒေါ်လာ ၂ဒသမ ၅သန်းရရှိပြီးနောက် ဘာမြူဒါ အလံလွှင့်ထူထားသည့် သင်္ဘောတစ်စင်းကို လွှတ်ပေးခဲ့သည်။ ယင်းသင်္ဘောသည် မတ်၂၃ရက်က အီဂျစ်နိုင်ငံမှ အီရန်နိုင်ငံသို့ လာရာလမ်းတွင် အဖမ်းခံခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ တယ်လကာအမည်ရှိ ယင်းသင်္ဘောမှာ လိမ္မော်သီးတန်ချိန် ၅၀၀၀ခန့် သယ်ယူလာခဲ့ခြင်းဖြစ်သည်။

အကူအညီပေး

အဆိုပါသင်္ဘော၌ သီရိလင်္ကာ၊ ဖိလစ်ပိုင်နှင့်ဆီးရီးယားနိုင်ငံတို့မှ သင်္ဘောသားများလိုက်ပါလာကြပြီး ဘေးမသီရန်မခရှိသည်ဟု အရှေ့အာဖရိက အကူအညီပေးရေး အစီအစဉ် အကြီးအကဲ မွမ်ဂူရာက ပြောကြားသည်။

လွတ်မြောက်

ယင်းသင်္ဘောသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ပြန်လည်လွတ်မြောက်လာသည်ဟု အီရန်တာဝန်ရှိပုဂ္ဂိုလ်က ဖားစ်သတင်းဌာနသို့ ပြောကြားသည်။

(အင်တာနက်)

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ကုန်လှောင်ရုံတစ်ရုံ မီးလောင်နေသည်ကို မေ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်တို့၏လေကြောင်းမှ တိုက်ခိုက်မှု အရပ်သား ၂၄ဦး ထပ်မံသေဆုံး

အစ္စလမ္မာဘတ် မေ ၁၃

ပါကစ္စတန် နိုင်ငံ အနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ဒေသ၌ မေ ၁၁ရက်တွင် ဒုတိယအကြိမ် အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်မှုကြောင့် ၁၀ဦးသေဆုံးခဲ့ပြီး လူများစွာ ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

ယင်းနေ့နံနက် စောစောပိုင်းကလည်း မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည် ဒါဇင်ချီပစ်ခတ်ရာ အဆိုပါဒေသရှိ အရပ်သား ၁၄ဦး သေဆုံးသည်။

ပြောကြား

အရပ်သားများ သေဆုံးမှုကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာစေသည်။ အမေရိကန်တို့၏ ထိုသို့သော ပစ်ခတ် တိုက်ခိုက်မှုများကို ပါကစ္စတန်က ကန့်ကွက်ပြီး ၄င်းနိုင်ငံ၏ အချုပ်အခြာကို ထိပါးရာ ရောက်သည်ဟု ပြောကြားလိုက်သည်။

သေဆုံး

၂၀၀၈ခုနှစ် ဩဂုတ်ကတည်းက အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှု များကြောင့် ထောင်ချီနီးပါး သေဆုံးမှုများရှိသည်။ အများစုမှာ အရပ်သားများဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မီးတောင်ပြာတိမ်တိုက် ထပ်မံပေါ်ပေါက် လေကြောင်းအစီအစဉ်အချို့ ရပ်ဆိုင်းထား

ရေကျူဗစ် မေ ၁၃

အိုက်စလန်နိုင်ငံမှ မီးတောင်သည် နောက်ထပ်ပြာများမှုတ်ထုတ်သဖြင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပြတ်တောက်သွားခဲ့ပြီး ဥရောပနှင့်အခြားဒေသရှိ လေဆိပ်များတွင် လေယာဉ်များ သောင်တင်နေကြောင်း အင်တာနက်သတင်း၌ မေ ၁၂ရက်၌ဖော်ပြသည်။

ရပ်ဆိုင်းထား

မီးတောင်ပြာတိမ်တိုက်သည် တောင်ပိုင်းဒေသသို့ဦးတည်ပြီး အတ္တလန္တိတ်ဒေသတစ်ဝန်းနှင့် အနောက်တောင်ပိုင်းဒေသရှိ စပိန်နိုင်ငံသို့ လွင့်မျောသွားရာ နိုင်ငံတောင်ပိုင်းရှိ လေဆိပ်သုံးခု ပိတ်ထားရပြီး ကနေရီကျွန်းမှ လေဆိပ်လေးခုတွင် လေကြောင်းသွားလာရေးအစီအစဉ်များ ရပ်ဆိုင်းထားခဲ့သည်။

သောင်တင်နေ

အိုက်စလန်မီးတောင်ပြာ နောက်ထပ်ပေါ်ပေါက်မှုကြောင့် လေဆိပ်များတွင် ခရီးသည်အချို့ သောင်တင်နေပြီး လေဆိပ်ပြန်လည်ဖွင့်မည့် လတ်တလောအစီအစဉ်လည်းမရှိသေးဟု သိရသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အရှေ့အလယ်ပိုင်းနှင့်ဥရောပသို့ ဘရာဇီးသမ္မတထွက်ခွာ

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားသည် နိုင်ငံအချင်းချင်းဆက်ဆံရေးတိုးမြှင့်စေရန်အတွက် အီရန်၊ ရုရှား၊ ကာတာ၊ ပေါ်တူဂီနှင့် စပိန်နိုင်ငံများသို့ သီတင်းသုံးပတ်ကြာ အလည်အပတ်ခရီးအဖြစ် မေ ၁၃ရက်မှစတင်ကာ ထွက်ခွာသွားကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အိုမန်ကမ်းလွန်၌ ဂရိကုန်တင်သင်္ဘော အပိုင်စီးခံရ

အိုမန်နိုင်ငံကမ်းလွန်တွင် မေ ၁၃ရက်နံနက်က ဂရိကုန်တင်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ကြောင်း၊ ၎င်းသင်္ဘောပေါ်တွင်သင်္ဘောသား ၂၆ဦးနှင့် ကုန်ပစ္စည်းများပါရှိကြောင်း အိုမန်အရာရှိများက ပြောကြားသည်။

ကိန်းစ် နိုင်ငံတကာရုပ်ရှင်ပွဲတော်ကျင်းပ

ပြင်သစ်နိုင်ငံ ကင်းနက်စ်မြို့တွင် (၆၃)ကြိမ်မြောက် နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ကျင်းပလျက်ရှိရာ ပညာရှင်များနှင့်အတူ ဧည့်သည်တော်များ၊ နိုင်ငံတကာမှရုပ်ရှင်လုပ်ငန်းဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြကြောင်း ပြင်သစ်အရာရှိများက မေ ၁၃ရက်၌ ပြောကြားသည်။ ***(အောက်ပုံ)***

အင်ဒိုနီးရှား၌ အကြမ်းဖက်သမားများအား နှိမ်နင်း

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် အနီးဝန်းကျင်မြို့များတွင် အင်ဒိုနီးရှားရဲတပ်ဖွဲ့က အကြမ်းဖက်သမားများအား နှိမ်နင်းရေးစစ်ဆင်မှုပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားငါးဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က မေ ၁၃ရက်၌ ပြောကြားသည်။

ကမ္ဘောဒီးယား ကမ်ပွန်ချမ်ခရိုင်၌ ဝမ်းရောဂါဖြစ်ပွား

ကမ္ဘောဒီးယားနိုင်ငံ ကမ်ပွန်ချမ်ခရိုင်၌ ဝမ်းရောဂါဖြစ်ပွားသူဦးရေ ၁၀၀ကျော်လျက်ရှိရာ မေ ၁၃ရက်တွင် နှစ်ဦးသေဆုံးသွားပြီဖြစ်ကြောင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးအရာရှိများက မေ ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

အခွန်ကင်းလွတ်ခွင့် ပနားမားနှင့်ကာတာ သဘောတူညီ

ပနားမားနှင့်ကာတာနိုင်ငံတို့သည် အခွန်နှစ်ထပ်ကင်းလွတ်ခွင့်ရရှိရေးနှင့်ပတ်သက်ပြီး သဘောတူညီမှုရရှိကြောင်း၊ သတင်းပြန်ကြားရေးအချက်အလက်များလည်း အပြန်အလှန်ဖလှယ်ကြရန် သဘောတူညီခဲ့ကြကြောင်း ပနားမားအရာရှိများက မေ ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလား စားသုံးဆီဖူလုံရေး အာရှနိုင်ငံများနှင့်လုပ်ကိုင်

ဗင်နီဇွဲလားနိုင်ငံသည် ပြည်တွင်းဆီစားသုံးမှုဖူလုံစေရေးအတွက် အိန္ဒိယ၊ မလေးရှား၊ ဂျပန်စသည့်နိုင်ငံများနှင့် ပူးတွဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားအရာရှိများက မေ ၁၃ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှား ဆူလာဝေစီပြည်နယ်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဆူလာဝေစီပြည်နယ်တွင် မေ ၁၃ရက်က ရစ်ချ်တာစကေး ၅ဒသမ ၈အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း၊ နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ရုရှား ရေအားလျှပ်စစ်စက်ရုံပေါက်ကွဲ

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ရေအားလျှပ်စစ်စက်ရုံ၌ လေဖိအားပေးစက်မှ ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးသည်ဟု အရေးပေါ်ဌာနက မေ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။ ။ ***(အင်တာနက်)***

ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် Myanmar Double Strong တို့ ပူးပေါင်းကျင်းပသည့် "ကန်ချက်ပြင်းပြင်း၊ ခွန်အားချင်းယှဉ်၊ နှစ်ဆပိုကဲဘယ်သူဖိုလ်လဲ" Myanmar Double Strong Sepaktakraw Championship 2010 (Mandalay) ဖိတ်ခေါ်ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မတ် ၃ရက်မှ ၇ရက်အထိ ကျင်းပခဲ့ပြီး ယခုမန္တလေးတိုင်း အားကစားနှင့်ကာယပညာကော်မတီနှင့် Myanmar Double Strong တို့ ပူးပေါင်း၍ မေ ၁၇ ရက်မှ ၂၁ရက်အထိ မန္တလေးမြို့ရှိ ဗထူးကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

အတန်းလိုက်

Myanmar Double Strong က သာမန်အားကစားသမားများထက် နှစ်ဆပိုမိုကျန်းမာကြံ့ခိုင်သန်စွမ်းသော အားကစားသမားများ ပေါ်ထွက်လာရေးကို ဦးတည်၍ အလွတ်တန်း ကျားနှစ်ယောက်တွဲ၊ အလွတ်တန်း ကျားသုံးယောက်တွဲဟူ၍ ပြိုင်ပွဲများကို အတန်းလိုက် သတ်မှတ်ကျင်းပသွားမည် ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အလွတ်တန်း ကျားသုံးယောက်တွဲပြိုင်ပွဲအတွက် ပထမဆု ငွေကျပ်ကိုးသိန်းကိုးသောင်း၊ ဒုတိယဆု ငွေကျပ်ခြောက်သိန်းသုံးသောင်း၊ တတိယဆု ငွေကျပ်သုံးသိန်းခြောက်သောင်းနှင့် အလွတ်တန်း ကျားနှစ်ယောက်တွဲ ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ်ခြောက်သိန်းသုံးသောင်း၊ ဒုတိယဆု ငွေကျပ် လေးသိန်းငါးသောင်းနှင့် တတိယဆု ငွေကျပ် နှစ်သိန်းခုနစ်သောင်းတို့ကို Myanmar Double Strong က ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်သည်။

စာရင်းပေးသွင်း

အဆိုပါပြိုင်ပွဲသို့ ဝင်ကြေးအခမဲ့ စီစဉ်ထားပြီး ပြိုင်ပွဲဝင်လိုပါက မန္တလေးမြို့ရှိ ဗထူးကွင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ ဖုန်း-၀၂-၃၃၆၁၉သို့ မေ ၁၄ရက် နောက်ဆုံးထားကာ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၄-၅-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၄၀	၃။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀	၅။	မဟာဂီတ ချိုကြည်မြ
၅း၀၀	၆။	မျိုးချစ်တပ်မတော်
၅း၀၅	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၁၅	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ပိုးစုန်းကြူးတို့၏ လျှို့ဝှက်ချက်** (အပိုင်း-၁)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၀	၁၄။	**ရွှ** ဟာသဇာတ်လမ်းတွဲ **ခါးတစ်လိန် နားတစ်လိန်** မေတ္တာ၊ ပေါ်လေး၊ ဝင်းသပြေထွန်း ဒါရိုက်တာ-မိုးဇော်ကို
၆း၅၀	၁၅။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၆။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူရဲကောင်း** (အပိုင်း-၁၀)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ရင်သန်နေသော သီချင်းများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ** (အပိုင်း-၅)
	၂၄။	ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်

မီးဖိုမီး အခြားမီး
သုံးပြီးသတိ အမြဲရှိ

* *ကျော့ဖုံးမှ*

လုပ်ငန်းခွင်၌ အချိန်ပိုပုံမှန် လုပ်ကိုင်ခဲ့လျှင် နှလုံးရောဂါ ဖြစ်ပွားနိုင်ဖွယ်ရှိ

လုပ်ငန်းခွင်၌ အချိန်ပို ပုံမှန်လုပ်ကိုင်ကြသူများနှင့် နေ့စဉ်အလုပ်ချိန် ၁၀နာရီ၊ ၁၁ နာရီကြာ အလုပ် လုပ်ကိုင်လေ့ရှိသူများသည် နှလုံးရောဂါ ရရှိစေနိုင်ကြောင်း သုတေသီများက သတိပေးထားသည်။

ဗြိတိသျှ ဝန်ထမ်း ၆၀၀၀ ကျော်တို့ကို လန်ဒန်ဆေးတက္ကသိုလ်မှ သုတေသီများက လေ့လာဆန်းစစ်ခဲ့ရာတွင် အထက်ဖော်ပြပါအချက်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သတိပေးထား

ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးရောဂါဖြစ်ပွားနိုင်သကဲ့သို့ လုပ်ငန်းခွင်၌ လုပ်ချိန် သုံးနာရီ၊ လေးနာရီ ပိုလုပ်နေခြင်းမှာလည်း နှလုံးရောဂါဖြစ်ပွားနိုင်သည်ကို သတိမူသင့်ကြောင်း အဆိုပါ သုတေသီများက သတိပေးထားသည်။

(အင်တာနက်)

လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုကြောင့် ပြည်နယ်၊ တိုင်းအချို့၌ ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့

နေပြည်တော် မေ ၁၃

ယခုရက်ပိုင်းအတွင်း ပြည်နယ်/တိုင်းအချို့၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရှူးမြို့နယ်၌ မေ ၉ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လွိုင်ဆောင်ထောက်ရပ်ကွက်၌ လူနေအိမ် ၆၄ လုံး၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် အဆောက်အအုံအချို့၏ အမိုး၊ အကာများ ပျက်စီးခြင်း၊ ဝမ်ကန်ရပ်ကွက်၌ လူနေအိမ် ၃၄ လုံး ပျက်စီးခြင်း၊ ကုန်းမြင့်သာရပ်ကွက်၌ လူနေအိမ် ၁၅လုံးနှင့် အဆောက်အအုံအချို့ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မေ ၁၁ ရက် မွန်းလွဲပိုင်းက လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဝမ်ကောင်းရပ်ကွက်တို့ရှိ လူနေအိမ်အချို့ အမိုးများလွင့်ထွက်ခြင်း၊ သစ်ပင်များကျိုးကျခြင်း၊ မီးတိုင်အချို့လဲကျခြင်း၊ မူလတန်းကျောင်းနှင့် အဆောက်အအုံအချို့ အမိုးများပြုတ်ထွက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကယားပြည်နယ် ဘော်လခဲမြို့နယ်၌ မေ ၁၁ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းရှိ အမိုးအချို့ လွင့်စဉ်ပျက်စီးခဲ့ကြောင်းသိရသည်။

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ကောင်းတုံကျေးရွာ၌ မေ ၁၂ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် အိမ် ၁၂ လုံး၊ စာသင်ကျောင်းနှင့် အဆောက်အအုံအချို့ အမိုးများလန်သွားခဲ့ကြောင်း၊ ပဲခူးတိုင်း ပန်းတောင်းမြို့နယ်၌ မေ ၁၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ပြင်ကြီးရွာ၊ ကွင်းလှအထက်ကျေးရွာ၊ ရွာသာလှကျေးရွာနှင့် ကျားတိုက်ကျေးရွာရှိ နေအိမ်၊ စာသင်ကျောင်းနှင့် အဆောက်အအုံအချို့ အမိုးများလွင့်ကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ်၌ မေ ၁၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆင်ပေါင်ဝဲမြို့ အမှတ်(၃)ရပ်ကွက်ရှိ လူနေအိမ်နှင့် အဆောက်အအုံအမိုးများ ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ယခုကာလများအတွင်း ရံဖန်ရံခါ မိုးသက်လေပြင်းများ တိုက်ခတ်လေ့ရှိကြောင်း၊ မိုးသက်လေပြင်းဒဏ်ကြောင့် သစ်ပင်ကြီးများ လဲပြိုခြင်း၊ ကျိုးကျခြင်း၊ လျှပ်စစ်ဓာတ်မီးတိုင်များလဲပြို၍ လျှပ်စစ်ကြိုး ပြတ်တောက်ပြုတ်ကျခြင်းများ ဖြစ်ပေါ်ပြီး လူနှင့်တိရစ္ဆာန်များ သေဆုံး ထိခိုက်ဒဏ်ရာရရှိခြင်း၊ နေအိမ်အဆောက်အအုံနှင့် ယာဉ်များ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပွားနိုင်သည့်အတွက် ပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ် ဂရုပြုကြရန်၊ အန္တရာယ်ရှိစေနိုင်သည့် သစ်ပင်ကြီးများအား ကြိုတင်ရှင်းလင်း ဖယ်ရှားထားကြရန်နှင့် မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်စေရအောင် ကြိုတင်ဂရုပြု စီမံဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) TV၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော **"မုန်တိုင်းသတင်း"** နှင့် **"မုန်တိုင်းသတိပေးချက်"** များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ။ ကောလာဟလသတင်းများအား မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက "မုန်တိုင်းသတင်း"အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက "မုန်တိုင်းသတိပေးချက်"အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်ရရှိပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာလိုသူများကိုလည်း မုန်တိုင်းသတိပေးချက်သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိ မိသားစုဝင်များအားလုံး ပြင်ပသို့မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏ အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံ ပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲလှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပျက်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာလျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါ ကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိ ဖျားနာခြင်းမဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

ရခိုင်ပြည်နယ်၏ ကျက်သရေဆောင် မြောက်ဦးမြို့ မြင်ကွင်းအဖုံဖုံ

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - သတင်းထောက်စဥ့်ကူစိုးဝင်း
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

စစ်တွေ မေ ၁၃

ရခိုင်ပြည်နယ်သို့ ရောက်ခဲ့ရပြန်ပါချေပြီ····။ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကူညီမှုဖြင့် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များသို့ ဒေသဖွံ့ဖြိုးတိုးတက်မှု သတင်းဆောင်းပါးများရေးသားရန် သွားရောက်လေ့လာပြီး စစ်တွေမြို့သို့ ပြန်ခဲ့ပါသည်။

စစ်တွေမြို့ ဧည့်ရိပ်သာတွင် တစ်ည သာအိပ်ပြီး ရှေးဟောင်းမြို့တော် မြောက်ဦးမြို့သို့ မော်တော်ယာဉ်ဖြင့် ခရီးဆက်ခဲ့သည်။

နံနက်ဝေလီဝေလင်းတွင် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ရွာသို့ ရောက်ရှိပါသည်။ နေခြည်အောက်၌ ကွမ်းတောင်မီးရထားဘူတာသစ်နှင့်အတူ ပုဏ္ဏားကျွန်းမြို့ကိုဖြတ်၍ မင်းဘူး-အမ်း-စစ်တွေ ပြေးဆွဲမည့် မီးရထားလမ်းသစ် ဖောက်လုပ်မှုကို အားရဖွယ် မြင်တွေ့ရသည်။

"ဆန်ဖူလုံမှု ၂၆၅ ဒသမ ၅၈ ရာခိုင်နှုန်းဖြစ်ပြီး ဆောင်းသီးနှံမှာလည်း အောင်မြင်တဲ့အတွက် ဒေသခံလယ်သမားများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ အဆင်ပြေကြပါတယ်"

ဦးကျော်သန်းလင်း၊ ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ၊ မြောက်ဦးမြို့။

မိုးမကျမီ

ပုဏ္ဏားကျွန်းမြို့မှ ကျောက်တော်သွား မော်တော်ကားလမ်းတစ်လျှောက် ကုလားတန်မြစ်ကမ်းဘေးမှ အေးမြသည့် ရေငန်ရေငွေ့ကို မော်တော်ယာဉ်ပေါ်မှ ရှူရှိုက်ကာ လိုက်ပါခဲ့သည်။ မော်တော်ကားလမ်းဘေး မြင့်မားသည့် တောင်ကုန်းများကို စက်ယန္တရားကြီးများနှင့် ဖြိုချကာ မိုးမကျမီ မီးရထားလမ်းများ အမြန်ပြီးစီးရေး ဖောက်လုပ်လျက်ရှိသည်ကို မြင်တွေ့ရသည်။

ရခိုင်ပြည်နယ်သည် မိုးကြီးသည့် ဒေသဖြစ်သည့်အပြင် တောင်တန်း၊ တောင်ကုန်းများ၊ လျှိုမြောင်များ ပေါများသည့် ပင်လယ်ကမ်းရိုးတန်းဒေသ ဖြစ်ပါသည်။ ကြီးမားသည့် သဘာဝအတားအဆီးများကြောင့် တစ်ချိန်က အခြားဒေသများနှင့် နီးလျက်နှင့်ဝေး ဆိုသလိုဖြစ်ခဲ့ရသည်။

ဖွံ့ဖြိုးလာ

ယခုအခါ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြိုးပမ်းမှုဖြင့် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးလာရုံမျှမက အခြားဒေသများနှင့် ဆက်သွယ်ရေးမှာလည်း တိုတောင်းသည့် ကာလအတွင်း တိုးတက်အောင်မြင်ခဲ့ပြီကို ကိုယ်တွေ့မျက်မြင် သိရှိခဲ့ရပေပြီ။

မဟာမုနိဘုရားသို့ နံနက် ၁၁ နာရီခန့်တွင် ဖြတ်သန်းခဲ့ရသည်။ မူလ ဈေးဆိုင်ခန်းများကို နောက်သို့ရွှေ့ပြီး မီးရထားလမ်း ဖောက်လုပ်ထားသည်ကို တွေ့ရသည်။ မကြာမီကာလတွင် သမိုင်းဝင်ရုပ်ပွားတော်မြတ်ကြီးသို့ မီးရထားခရီးဖြင့် ကုန်ကျစရိတ်သက်သာစွာ မြန်မာပြည် အရပ်ရပ်မှ လာရောက်ဖူးမြော်နိုင်တော့မည် မဟုတ်ပါလား။

မွန်းတည့် ၁၂နာရီခန့်တွင် မြောက်ဦးမြို့ အဝေးပြေးကားဂိတ်သို့ ချောမောစွာ ရောက်ရှိပါသည်။ အသင့်စောင့်ကြိုနေသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစောသိန်းက တည်းခိုရမည့် မြောက်ဦးဟိုတယ်သို့ ပို့ဆောင်ပေးသည်။

မြောက်ဦးဟိုတယ်တွင် ခေတ္တနားကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သန်းလင်းနှင့် အတွင်းရေးမှူး ဦးကျော်လှိုင်တို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံခဲ့သည်။

မြောက်ဦးမြို့နယ် မြေနုကျွန်းပေါ်တွင် စိုက်ပျိုးအောင်မြင်နေသည့် စီးပွားဖြစ် သီးနှံများကို တောင်သူမိသားစုက ဝမ်းသာအားရ ပြသနေစဉ်။

စိုက်ပျိုးရေး

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းလင်းက "ကျွန်တော်တို့မြို့နယ်က မိုးစပါး၊ နွေစပါး အောင်မြင်ပါတယ်။ ဆန်ဖူလုံမှု ၂၆၅ ဒသမ ၅၈ ရာခိုင်နှုန်းဖြစ်ပြီး ဆောင်းသီးနှံမှာလည်း အောင်မြင်တဲ့အတွက် ဒေသခံလယ်သမားများ၊ တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ အဆင်ပြေကြပါတယ်"ဟု မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီရင်ခံစာ စာအုပ်ကို ပြသပြောဆိုသည်။

ကျယ်ဝန်း

မြောက်ဦးမြို့နယ်သည် မြောက်မှ တောင်သို့ ၃၀ မိုင်၊ အရှေ့မှအနောက်သို့ ၁၅ ဒသမ ၃ မိုင်၊ ဧရိယာစတုရန်းမိုင် ၄၉၀ ဒသမ ၉၇ မိုင်၊ ဧရိယာဧက ၃၁၄၂၂၄ ဧက ကျယ်ဝန်းပြီး အရှေ့ဘက်တွင် မင်းပြားမြို့နယ်၊ အနောက်ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်တော်မြို့နယ်နှင့် တောင်ဘက်တွင် ပေါက်တောမြို့နယ်၊ မြောက်ဘက်တွင် ကျောက်တော်မြို့နယ်၊ ပလက်ဝမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။

နေထိုင်လျက်ရှိ

မြို့နယ်အတွင်း ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၄ အုပ်စု၊ ကျေးရွာပေါင်း ၂၅၁ ရွာတွင် အိမ်ခြေ ၃၇၅၇၄၊ အိမ်ထောင်စုပေါင်း ၃၈၇၉ ရှိပြီး လူဦးရေ ၂၀၀၀၀ ကျော် နေထိုင်လျက်ရှိသည်။

ဟင်းသီးဟင်းရွက်

အတွင်းရေးမှူး ဦးကျော်လှိုင်က မြောက်ဦးမြို့တွင် ရေချိုရသည့် လေးမြို့မြစ်ကမ်းဘေးတစ်လျှောက်ရှိ ဟင်းသီးဟင်းရွက်စိုက်ခင်းများ၌ ခြေနင်းရေတင်စက်များ အသုံးပြုလျက် သုံးသီးစားသုံးကြိမ်စိုက်ပျိုးရာ တောင်သူများ များစွာဝင်ငွေကောင်းသဖြင့် အိမ်တိုင်းလိုလိုပင် ရုပ်မြင်သံကြား၊ အပေါ်စက်၊ အောက်စက်၊ မော်တော်ဆိုင်ကယ်များ ပိုင်ဆိုင်နေကြပြီဖြစ်ကြောင်း။ တယ်လီဖုန်းဆက်သွယ်မှုစနစ်လည်း ကောင်းမွန်နေပြီဖြစ်သဖြင့် ပြည်တွင်းပြည်ပသို့ လျင်မြန်ချောမွေ့စွာ ဆက်သွယ်နိုင်ကြပြီဖြစ်ကြောင်း အားပါးတရ ပြောပြသည်။

စာကြည့်တိုက်

မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် မြောက်ဦးမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုများကို ပြောဆိုလေ့လာပြီးနောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ပရိဘောဂများ၊ အလှူရှင်များမှ လှူဒါန်းသည့် စာအုပ်စာစောင်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်ဖွင့်လှစ်ထားသည့် ဓမ္မရာဇ်ရပ်ကွက်မှ အားမာန်စာကြည့်တိုက်သို့ သတင်းခရီးသည်နှင့်အဖွဲ့ ခရီးဆက်ခဲ့သည်။

စိုက်ခင်း

ရန်ကုန်-စစ်တွေ လမ်းမကြီးပေါ်ရှိ မြောက်ဦးမြို့နယ် ပြည်သူ့ဆေးရုံကြီးမှာလည်း သေသပ်ခိုင်ခံ့ လှပနေသကဲ့သို့ နွေစပါးစိုက်ခင်းကလည်း ဆေးရုံဝင်းအတွင်း အောင်မြင်နေသည်ကို မြင်တွေ့ရသည်။

မြောက်ဦးမြို့နယ်တွင် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျောင်းကျန်းမာရေး ဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန (ကန်စောက်၊ တိမ်ညို၊ ဆင်အိုးချေ၊ ဗလိပြင်၊ ပျားတဲ၊ မြောင်းဘွေ၊ ဆင်ကဲ) စသည့် ကျေးရွာအုပ်စု ခုနစ်စု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၈ခု၊ ငှက်ဖျားတိုက်ဖျက်ရေးဌာနတစ်ခု၊ အဆုတ်ရောဂါတိုက်ဖျက်ရေးဌာနတစ်ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန တစ်ခု၊ တိုင်းရင်းဆေးကုဌာန တစ်ခုတို့ ဖွင့်လှစ်ထားရှိပြီး ဒေသခံတိုင်းရင်းသားများနှင့် နေထိုင်သူများအား ဆရာဝန်၊ ကျန်းမာရေး သူနာပြုအဆင့်ဆင့်တို့က ကျန်းမာရေးစောင့်ရှောက်ကာကွယ်ကုသလျက်ရှိသည်။

စာကြည့်တိုက်

မြို့နယ်အတွင်းရေးမှူး ဦးကျော်လှိုင် ဦးဆောင်သည့် ခရီးသည်တို့အဖွဲ့သည် မြောက်ဦးပြည်သူ့ဆေးရုံကြီးကို ကျော်ဖြတ်ပြီးနောက် ဓမ္မရာဇ်ရပ်ကွက်သို့ ရောက်ရှိရာ ပိတ်ရက်မရှိ ဖွင့်လှစ်ထားသော အားမာန်စာကြည့်တိုက်ကို သေသပ်စွာတွေ့ရသည်။

ထို့နောက် စစ်တွေ-ရန်ကုန် မော်တော်ကားလမ်းမကြီး ကြက်ဈေးတံတားအနီးရှိ ရွှေသဇင်ဟိုတယ်သို့လည်း သတင်းခရီးသည်တို့အဖွဲ့ အမှတ်မထင် ရောက်ရှိခဲ့သည်။

ရွှေသဇင်ဟိုတယ်ဝင်းအတွင်း ပြည်တွင်းပြည်ပခရီးသည်များ နားနေရန် အဆောက်အအုံများကိုလည်း ဤသို့ လှပစွာတွေ့ရသည်။

ပြည့်စုံလှပ

လှပသည့် ဒီဇိုင်းများဖြင့် ဆောက်လုပ်ထားသော လုံးချင်းတည်းခိုဆောင်များ၊ စားသောက်ခန်း၊ ရုံးခန်းတို့ဖြင့် ရွှေသဇင်ဟိုတယ်ကား ပြည့်စုံလှပနေသကဲ့သို့ ဆောက်လက်စ အဆောက်အအုံများကလည်း အစီအရီပင်ဖြစ်သည်။

ရှေးဟောင်းလက်ရာများ၊ စေတီပုထိုးများနှင့်ထင်ရှားလှသော မြောက်ဦးမြို့သို့ ပြည်တွင်းပြည်ပခရီးသည်များ နေ့စဉ်လာရောက်ကြရာ သက်သာသောနှုန်းထားဖြင့် ဝန်ဆောင်မှုပြုသော ရွှေသဇင်ဟိုတယ်၏ ကြိုးပမ်းထားမှုကလည်း ကျေနပ်စရာပင်ဖြစ်သည်။

ဆောင်းသီးနှံ

နောက်တစ်နေ့နံနက်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းလင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးနေမင်းလှိုင်၊ မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမောင်သိန်းနိုင်တို့နှင့်အတူ မော်တော်ဆိုင်ကယ်များဖြင့် ရွာဟောင်းတောကျေးရွာနှင့် ဘုရားအုပ်ကျေးရွာများရှိ အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းသီးနှံစိုက်ခင်းများသို့ သွားရောက်ကြည့်ရှုကြသည်။

စိမ်းစိုနေသော ဂေါ်ဖီထုပ်စိုက်ခင်း၊ အောင်မြင်ဖြစ်ထွန်းနေသော ပန်းမုန်လာစိုက်ခင်း၊ ရောင်စုံပန်းလှလှများပွင့်နေသော မေမြို့ပန်းစိုက်ခင်းနှင့် ဒေသအခေါ် (ရွှေမသီး) သခွားသီးစိုက်ခင်းများက ခရီးသည်တို့ကို ကြိုဆိုနေသည်။

ငွေကျပ်၃၀၀၀၀ကျော်မျှဖြင့် စိုက်ခင်းတစ်ခုလုံး အချိန်မရွေး ရေပေးဝေနိုင်သော ခြေနင်းရေတင်စက်များက ဒီဇယ်မလို၊ လျှပ်စစ်ဓာတ်အားမလို ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်နေသကဲ့သို့ ခြေထောက်များ လှုပ်ရှားကာမျှနှင့် ရေများ အားရဖွယ်ထွက်နေသည်ကို ဝမ်းသာစွာ ကြည့်ရှုလေ့လာ အားပေးခဲ့သည်။

စိမ်းစိမ်းစိုစို

ဘုရားငုတ်ကျေးရွာမှ မြက်ရိတ်ကျွန်းကျေးရွာအုပ်စုသို့ ဆက်လက်သွားကြရာ လမ်းဘေးဝဲယာတွင် မြစ်ရေနှင့် ဝေးသောနေရာများ၌ နှင်းရည်ဖြင့် စိုက်ပျိုးထားသော စိုက်ခင်းများကို စိမ်းစိမ်းစိုစိုဖြင့် မြင်တွေ့ရသည်။ လယ်ကွင်း ရိုးပြတ်များအတွင်း ပဲတီစိမ်းပင်များကား စိမ်းစိမ်းစိုစို ထိုးထွက်နေသည့် ဒေသခံလယ်သမားများ၏ ကြိုးပမ်းမှုကိုလည်း မြင်တွေ့ရသည်။

ဂုဏ်ယူဖွယ်

ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်၏ ကြီးကြပ်ပံ့ပိုးကူညီမှုဖြင့် ရှေးဟောင်းအနုလက်ရာများ မရေမတွက်နိုင်အောင် တည်ရှိနေသော မြောက်ဦးဒေသသည် ကမ္ဘာကျော်ခဲ့ပြီဖြစ်သကဲ့သို့ ဒေသခံများ၏ မြို့ဖွံ့ဖြိုးတိုးတက်ရေး စုစည်းညီညွတ်စွာ ကြိုးပမ်းအားထုတ်မှုကလည်း ဂုဏ်ယူဖွယ်ပင်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မြောက်ဦးမြို့နယ်အတွင်း ဖြစ်ထွန်းအောင်မြင်နေသည့် စီးပွားဖြစ် ဂေါ်ဖီထုပ်စိုက်ခင်းကို ရွာဟောင်းတောကျေးရွာအုပ်စု ဘုရားအုပ်ကျေးရွာ၌ ဤသို့ တွေ့ရသည်။

အားမာန်စာကြည့်တိုက်

မြောက်ဦးမြို့ ဓမ္မရာဇ် ရပ်ကွက်မှ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းထားသည့် အားမာန်စာကြည့်တိုက်အဆောက်အအုံ။

AFC President's Cup ပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုကလပ်အသင်းအဖြစ် ရတနာပုံ F.C ပထမဦးဆုံးအကြိမ် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် ➤ စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၃

၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်ရတနာပုံအသင်းက တာ့ခ်မင်နစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းကို ဂိုးမရှိ သရေကစားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပါတယ်။

ရတနာပုံ - ဂိုးမရှိ။
အက်ရှ်ကာမက် - ဂိုးမရှိ။

စတင်ယှဉ်ပြိုင်

AFC President's Cup ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြု ကလပ်အသင်းအဖြစ် ဒုတိယမြောက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့ ရတနာပုံအသင်းကတော့ ပထမဦးဆုံး ယှဉ်ပြိုင်ခွင့်ရတဲ့ ပြိုင်ပွဲမှာပဲ ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ပါတယ်။ မြန်မာ့ဘောလုံး ပရိုစနစ်ကူးပြောင်းပြီး ကျင်းပတဲ့ MNL Cup ပြိုင်ပွဲနဲ့ MNL အမှတ်ပေးပြိုင်ပွဲတွေမှာ ဗိုလ်စွဲထားတဲ့ ရတနာပုံအသင်းဟာ အခုစတင်ယှဉ်ပြိုင်ရတဲ့ နိုင်ငံတကာပြိုင်ပွဲမှာလည်း ပထမခြေလှမ်းအဖြစ် အုပ်စုအဆင့်သို့ ကျော်လွှန်နိုင်ခဲ့တာဖြစ်ပါတယ်။

လေးဂိုးသွင်းထား

ရတနာပုံအသင်းဟာ အခုပွဲမှာ သရေကျရင်တောင် အုပ်စုအဆင့်ကို ကျော်လွှန်နိုင်မှာဖြစ်ပေမယ့် အနိုင်ရဖို့ပွဲစကတည်းက ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ပထမနေ့က လေးဂိုးသွင်းထားတဲ့ ပိုင်စိုး ပွဲအစ တစ်မိနစ်မပြည့်ခင်မှာပဲ ခြေချင်းဝတ်ဒဏ်ရာရပြီးလူစားလဲခဲ့ရတာပါ။ မိနစ်၂၀ မှာ ဘယ်နောက်ခံလူချစ်စမ်းမောင် တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် ရတနာပုံအသင်း အင်အားပျော့သွားစေခဲ့ပါတယ်။ လက်ကျန်မိနစ်တွေမှာ ရှုံးကန်ရမယ်လို့ ထင်ထားရပေမယ့် အံ့သြစရာကောင်းလောက်အောင် တစ်ယောက်လျော့ ရတနာပုံအသင်းက ခြေစွမ်းပြသွားခဲ့ပါတယ်။ ရတနာပုံအသင်းသားတွေရဲ့ စိတ်ဓာတ်၊ ကြိုးစားမှုကတော့ ချီးကျူးရမှာဖြစ်ပြီး အနိုင်ရဖို့နီးစပ်တဲ့ အနေအထားရောက်ခဲ့ပါတယ်။ တစ်ယောက်လျော့ဖြစ်သွားပေမယ့် နေရာစုံ ကစားတတ်တဲ့ ကစားသမားတွေရှိနေတာကြောင့် ကစားပုံပျက်မသွားခဲ့သလို ဒီနေ့ပွဲမှာ ခြေစွမ်းပြသွားတဲ့သူတွေကတော့ လူငယ်ကစားသမားတွေဖြစ်တဲ့ တောင်ပံကစားသမား ရဲဇော်ထက်အောင် (နံပါတ်-၁၄)နဲ့ ရဲကိုဦး (နံပါတ်-၂၆)တို့ပဲ ဖြစ်ပါတယ်။ ရဲကိုဦးဟာ အခုပြိုင်ပွဲကျမှ အသင်းကြီးမှာ ပွဲထွက်ခွင့် ရတာဖြစ်ပြီး ရတနာပုံလူငယ်အသင်းက ခေါ်ယူထားတာဖြစ်ပါတယ်။ ၂၅မိနစ်မှာ သက်နိုင်ရဲ့ အပိုင်ကန်သွင်းမှု ဘေးထွက်ခဲ့ရသလို ၃၅မိနစ်မှာ ရဲကိုဦးရဲ့ အဝေးကကန်ချက်၊ ၇၂မိနစ်မှာ ခင်မောင်ထွန်းရဲ့ ပြစ်ဒဏ်ဘောကန်ချက်တွေကို အက်ရှ်ကာမက်ဂိုးသမား ကာကွယ်နိုင်ခဲ့ပါတယ်။ အခုပွဲမှာ အက်ရှ်ကာမက်အသင်း ဂိုးသွင်းခွင့်အနည်းငယ်သာရခဲ့ပြီး ဒုတိယပိုင်းမှာ အသင်းခေါင်းဆောင် ရှာမူရာဒေါ့ဗ်ရဲ့ အပိုင်ကန်သွင်းမှုကို ယဉ်မင်းအောင် ကာကွယ်နိုင်ခဲ့ပါတယ်။ ဒရက်စတားအသင်းကို ၁၁ဂိုးပြတ် သွင်းယူနိုင်ခဲ့တာကြောင့် ရတနာပုံအသင်း အုပ်စုတက်ခဲ့တာဖြစ်ပြီး လေးမှတ်ရထားတဲ့ အက်ရှ်ကာမက်ကတော့ အကောင်းဆုံးအုပ်စု ဒုတိယနေရာရဖို့ပဲ မျှော်လင့်ရတော့မှာပါ။

ပါဝင်ကစား

ရတနာပုံအသင်းမှာ **ဂိုး**-ယဉ်မင်းအောင်၊ **နောက်တန်း**-ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ဂျီနွန်ဆီယန်၊ ချစ်စမ်းမောင်၊ **အလယ်တန်း**-ကိုနေး၊ အောင်ကျော်မိုး၊ ရဲဇော်ထက်အောင်၊ ရဲကိုဦး၊ ပိုင်စိုး (သက်နိုင်)၊ (အောင်ချမ်းမိုး)၊ **ရှေ့တန်း**-ရန်ပိုင်တို့ပါဝင်ကစားခဲ့ကြပါတယ်။ ။

အုပ်စု(ဂ)ရပ်တည်မှု

အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	ရတနာပုံ	၂	၁	၁	-	၁၁	-	၄
၂	အက်ရှ်ကာမက်	၂	၁	၁	-	၈	-	၄
၃	ဒရက်စတား	၂	-	-	၂	-	၁၉	-

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဗာကက်ရှ် - နာဂါကော့

အောင်ဆန်းကွင်း

KRL - ရီနောင်းစပို့စ်

အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် ရတနာပုံ အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အသင်းပိုင်ရှင်ဒေါက်တာ စိုင်းဆမ်ထွန်းတို့နှင့်အတူ တွေ့ရစဉ်။

ဒီဂိုဖော်လန်၏ သွင်းဂိုးများဖြင့် အက်သလက်တီကိုအသင်း ဖလားဆွတ်ခူး ယူရိုပါလိဂ်၌ ပီဇာရို ဂိုးအများဆုံးသွင်းယူ

မောင်ချစ်ကြည်ရေးသားသည်

ဟမ်းဘတ်ဂ် မေ ၁၃

ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဂျာမနီနိုင်ငံ ဟမ်းဘတ်ဂ်မြို့၌ မေ ၁၃ရက်က အက်သလက်တီကိုမက်ဒရစ်နှင့် ဖူလ်ဟမ်အသင်းတို့ အချိန်ပိုကစားရသည်အထိ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး အက်သလက်တီကိုမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးသွားနိုင်ခဲ့သည်။

ပိုမိုရရှိ

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ပရီမီယာလိဂ်အသင်းဖူလ်ဟမ်ကို တစ်ဖက်သတ် ဖိကစားနိုင်ခြင်းမရှိဘဲ အပြန်အလှန်ထိုးဖောက်ကစားခဲ့ရသည်။ သို့သော် အက်သလက်တီကိုတို့က ဂိုးသွင်းခွင့်အခွင့်အရေး ပိုမိုရရှိခဲ့သည်။ အက်သလက်တီကိုတွင် အဂွီရို၊ ဒီဂိုဖော်လန်နှင့် ရေးယက်စ်တို့သုံးဦးကို တိုက်စစ်ဆင်ကာ ၄း၃း၃ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သည်။ ဖူလ်ဟမ်တို့ကလည်း ဇာမိုရာတစ်ဦးတည်း တိုက်စစ်အထောင်ထားကာ ၄း၅း၁ ဗျူဟာဖြင့် ရင်ဆိုင်ခဲ့သည်။

ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲအဖြစ် အက်သလက်တီကိုမက်ဒရစ် အသင်းသားနှင့် ဖူလ်ဟမ်တို့ ယှဉ်ပြိုင်ကစားရာ ဒီဂိုဖော်လန် (ဝဲ) ဤသို့ ဂိုးသွင်းယူခဲ့သည်။

ဂိုးသွင်း

ဒီဂိုဖော်လန်၊ အဂွီရိုနှင့် ရေးယက်စ်တို့ အဖွင့်ဂိုး စောစီးစွာရရှိရေးကြိုးစားရာ ၃၂မိနစ်၌ ဂိုးလွန်ဘောဖြစ်လုဆဲဆဲဘောလုံးကို ဒီဂိုဖော်လန်က ကန်သွင်းယူခဲ့သဖြင့် အက်သလက်တီကိုတို့ အဖွင့်ဂိုးရရှိခဲ့သည်။ အဖွင့်ဂိုးရရှိပြီး ကစားအားချလိုက်သလို ဖြစ်သွားခဲ့ရာ ၃၇မိနစ်၌ ဖူလ်ဟမ်မှ စီမွန်ဒေးဗစ်က ဂီရာဖြတ်ပေးလိုက်သည့် ဘောလုံးကို ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိသွားခဲ့သည်။ ပထမပိုင်းပွဲချိန်၌ တစ်ဂိုးစီဖြစ်နေခဲ့သည်။

အစားထိုး

ဒုတိယပိုင်းပွဲချိန်အတွင်း အက်သလက်တီကို တိုက်စစ်မှူးများ ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ဖူလ်ဟမ်ခံစစ်မှူးများနှင့် ဂိုးသမားရှဝါဇာတို့က ကာကွယ်နိုင်ခဲ့သဖြင့် ပွဲရလဒ်မပြောင်းနိုင်ခဲ့ချေ။ ဖူလ်ဟမ်တို့က အနိုင်ဂိုးသွင်းယူနိုင်ရေးအတွက် ၅၅ မိနစ်၌ ဇာမိုရာအစား ဒင်ပဆီကို အစားထိုးကစားစေခဲ့သည်။ အက်သလက်တီကိုတို့ကလည်း ၆၈ မိနစ်၌ ဆီမာရိုအစား ဂျူရာနို၊ ၇၈ မိနစ်၌ ရေးယက်စ်အစား ဆာဗီယိုတို့ကို အစားထိုးကစားစေခဲ့ပြီး ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့သည်။

ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲတွင် အက်သလက်တီကိုမက်ဒရစ် အသင်းသားတို့ ဖလားဆွတ်ခူးပြီးနောက် ဤသို့ အောင်ပွဲခံခဲ့ကြသည်။

ကာကွယ်

ဒီဂိုဖော်လန်နှင့် အဂွီရိုတို့ အပိုင်ကန်သွင်းမှုများကို ဖူလ်ဟမ်ဂိုးသမား ရှဝါဇာ စုစုပေါင်း ၁၁ ကြိမ် ကာကွယ်နိုင်ခဲ့သလို ဖူလ်ဟမ်တိုက်စစ်မှူးများဖြစ်သည့် ဒေးဗစ်၊ မူဖာရီ၊ ဒပ်ဖ်တို့၏ ကန်သွင်းမှုများကို အက်သလက်တီကိုဂိုးသမား ဒီဂီရာ ကာကွယ်သွားနိုင်ခဲ့သဖြင့် အရာမထင်ခဲ့ခြင်းဖြစ်သည်။

အချိန်ပို

ပွဲချိန် မိနစ် ၉၀ အထိ တစ်ဂိုးစီသရေပွဲဖြစ်နေ၍ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရသည်။ အချိန်ပိုကစားရာတွင် ပွဲချိန် ၁၁၆ မိနစ်၌ အက်သလက်တီကိုတိုက်စစ်မှူး ဒီဂိုဖော်လန်က ဖူလ်ဟမ်ဂိုးဧရိယာအတွင်း အနီးကပ်ကန်သွင်းယူခဲ့သဖြင့် အက်သလက်တီကိုတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂိုးအများဆုံးသွင်း

၂၀၀၉-၂၀၁၀ ယူရိုပါလိဂ်ဖလား ဘောလုံးပြိုင်ပွဲတစ်လျှောက် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူမှာ ဝါဒါဘရီမင်အသင်းမှ ပီဇာရိုဖြစ်ပြီး စုစုပေါင်း ရှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ။

ကိုးကား-အင်တာနက်

တောင်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်ရှိ

နေပြည်တော် မေ ၁၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၅၅ လက်မ၊ သာယာဝတီမြို့တွင် ၀ ဒသမ ၄၃ လက်မ၊ နေပြည်တော်လယ်ဝေးတွင် ၀ ဒသမ ၃၁ လက်မနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၁၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ ၁၄ ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၃

၁၅ ရက်တစ်ကြိမ်ပြောင်းလဲထုတ်ဝေလိုက်သည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် ၂ကို မေ ၁၅ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide စာစောင်တွင် ဂီတချစ်ပရိသတ်များ အသည်းစွဲဖြစ်သည့် Lady Gaga အကြောင်း၊ ကမ္ဘာကျော်များရဲ့ သေဆုံးမှုကို ရိုက်ကူးတင်ဆက်ပေးမည့် VHI Famous Crime Scene စီးရီးသစ်အကြောင်းပြသပေးမည့် MTV ရုပ်သံလိုင်း၊ Star World တွင် ပြသမည့် ပရိသတ်ပေါင်း ၉၇၀၀၀ ကျော်တစ်ခဲနက် လာရောက်အားပေးခဲ့ကြသည့် U 2 အဖွဲ့၏ Live Show အစီအစဉ်၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် ဟာသ၊ ဒရာမာ၊ သည်းထိတ်ရင်ဖို၊ အချစ် စသည့် ဇာတ်လမ်းအမျိုးအစားစုံလင်စွာ ကြည့်ရှုရမည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ESPN နှင့် Star Sports ရုပ်သံလိုင်းများတွင် ဥရောပဘောလုံးရာသီ ပြီးဆုံးသွားပြီဖြစ်သဖြင့် အစားထိုးပြသမည့် အားကစားအစီအစဉ်အကြောင်း၊ Animal Planet ရုပ်သံလိုင်းတွင်ပြသမည့် ဝက်ဝံများနှင့်အတူ နှစ်ပေါင်း ၂၀ ကြာနေထိုင်သူအကြောင်း ပြသပေးမည့် Stranger Among Bears အစီအစဉ်၊ Net Geo Wild ရုပ်သံလိုင်းတွင် ဂေါ်ရီလာ မျောက်ဝံများ၏ ခက်ခဲကြမ်းတမ်းသည့် ဘဝအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် Mystery Gorillas အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် အမေများနေ့ အထူးအစီအစဉ် အဖြစ်ပြသမည့် Mother Day's Special အစီအစဉ်နှင့် ကမ္ဘာ့ကလေးငယ်များ အဝလွန်မှုကို ရိုက်ကူးတင်ဆက်ပေးမည့် Tubby Toddlers အစီအစဉ်အကြောင်း၊ အစီအစဉ်အားလုံးကို မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် ၁၉၉၈ ခုနှစ် ဇွန် ၃ရက်က ဂျာမနီနိုင်ငံ၌ မြန်နှုန်းမြင့်ရထားလမ်းချော်မှုအကြောင်း ပြသပေးမည့် အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် ဘီစီ ၁၃၂၃ က သေဆုံးခဲ့သည့် အီဂျစ်ဘုရင်၏ DNA ကို ပြန်လည်စစ်ဆေးသည့်အကြောင်း အသေးစိတ်ရိုက်ကူးထားသည့် အစီအစဉ်၊ တစ်ချိန်က ပရိသတ်များနှစ်ခြိုက်စွဲလမ်းခဲ့သည့် နဂါးနိုင်ဓား ဇာတ်လမ်းတွဲအား ပြန်လည်ပြသပေးနေသည့် Multi Max ရုပ်သံလိုင်း၊ Mandalay FM တွင်နားဆင်ရမည့် နားဆင်သူများ ကိုယ်တိုင်ပါဝင်နိုင်မည့် Singing For Flying အစီအစဉ်သစ်၊ MRTV-4 ၏ အစီအစဉ်သစ်တစ်ခုဖြစ်သည့် ဦးဆုံးအစ ဘဝရဲ့အလှ အစီအစဉ်အကြောင်း၊ Rဇာနည်နှင့် ဖိုးသောကြာတို့၏ သူတို့ပြောတဲ့ သူတို့အကြောင်း အစီအစဉ် ရုပ်သံလိုင်းအားလုံး၏ အစီအစဉ်အချိန်ဇယားများကို မေ ၁၄ရက်မှ ၃၁ရက်အထိ ပြည့်ပြည့်စုံစုံ ဖော်ပြပေးထားသည့်အပြင် မြဝတီရုပ်သံလိုင်း၏ အစီအစဉ်အချိန်ဇယားများကိုလည်း မေ ၁၆ရက်မှ ၃၀ရက်အထိ ထည့်သွင်းဖော်ပြပေးထားသည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ်၅၀၀နှုန်းဖြင့် Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းသတိပြု

မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းကို မေ့လျော့ပေါ့လျော့စွာ ထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကားဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာ၊ ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်း၊ မော်တော်ကားခေါင်းခန်း ကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်း၊ မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သောဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးများ သုံးစွဲပါက လူစောင့်ထားရှိကြရန်၊ လူစောင့်မရှိပါက မီးငြိမ်းထားကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

❒ *ကျောဖုံးမှ*

ငပုတောမြို့နယ် မန်ကျည်းပင်ကျေးရွာ၊ သုံးခွကျေးရွာ၊ အထက်ပြွန်ကျေးရွာ၊ အောက်ပြွန်ကျေးရွာများသို့လည်းကောင်း ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ဝေငှလှူဒါန်း

ထို့အတူ ပုသိမ်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များက မေ ၁၂ရက်တွင် မော်တော်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေ ဂါလန် ၂၀၀၀ကို ပုသိမ်မြို့ (၁၄)ရပ်ကွက် ဥမ္မာဒန္တီ (၁၊ ၂၊ ၁၆)လမ်းနှင့် ပန်းဆက်လမ်းမကြီးတို့ရှိ အိမ်ထောင်စုများသို့ ဝေငှလှူဒါန်းခဲ့ကြောင်း၊ ဖျာပုံမြို့နယ်ရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ကန်တော်ကြီး သောက်ရေကန်နှင့် အလှမ်းဝေးသော ရပ်ကွက်များသို့ မေ ၁၀ရက်မှစ၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် သောက်သုံးရေ ဂါလန် ၂၆၀၀ ဆံ့ မော်တော်ယာဉ်များဖြင့် တစ်နေ့လျှင် လေးကြိမ်ခန့် ဝေငှလှူဒါန်းခဲ့ကြောင်း သိရသည်။

သံတွဲမြို့

အလားတူ ရခိုင်ပြည်နယ် သံတွဲမြို့ ဒွါရာဝတီ ရပ်ကွက် (၃)၊ (၄)၊ (၆)၊ (၇) ရပ်ကွက်၊ မဇင်ကျေးရွာနှင့် ကျွန်းပေါက်ကျေးရွာများတွင် သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့ပေါ်နေ စေတနာရှင်များနှင့် သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က နေ့စဉ် ရေတင်ကားများဖြင့် သောက်သုံးရေများ ဝေငှလှူဒါန်းလျက် ရှိကြောင်း သိရသည်။

သထုံမြို့နယ်

ထို့အတူ မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ သိမ်ကုန်း၊ နန်းခဲ၊ အောက်ကျင်း၊ လိပ်အင်းရပ်ကွက်များရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ပုဂ္ဂလိကအလှူရှင်များနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်း၍ ဝါးပါးဆည်ရေအား နေ့စဉ်ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၂ရက်တွင် မော်တော်ယာဉ် ၃၆စီးဖြင့် သောက်သုံးရေဂါလန် ၂၂၆၈၀ ဖြန့်ဝေပေးခဲ့ကြောင်း၊ ကျိုက်ထိုမြို့နယ် တောင်ပိုင်းရပ်ကွက်ရှိ တိုးချဲ့ကွက်သစ်၊ ကန်သာယာ၊ ရေတံခါးစုနှင့် ဇွတ္တလိစု ကျေးရွာများသို့ ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက နေ့စဉ် ရေပေးဝေလျက်ရှိရာ မေ ၁၂ရက်တွင် သောက်သုံးရေဂါလန် ၂၀၅၀၀ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

သောက်သုံးရေများဖြန့်ဝေ

အလားတူ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက မုဒုံမြို့နယ် ကင်းချောင်းကျေးရွာ၊ ကတုံးပေါ်ကျေးရွာ၊ ဝဲကလီကျေးရွာများနှင့် အခြားသောက်သုံးရေလိုအပ်သည့် ကျေးရွာများသို့ နေ့စဉ် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၂ရက်တွင် ရေဂါလန် ၃၀၀၀၀ကိုလည်းကောင်း၊ ရေးမြို့ ရန်ကြီးအောင် ရပ်ကွက်၊ ခနိတောရပ်ကွက်နှင့် ရန်မျိုးအောင်ရပ်ကွက်ရှိ ပြည်သူများ သောက်သုံးရေရရှိစေရေးအတွက် ရေဂါလန် ၁၂၀၀ဆံ့ ရေသယ်ယာဉ် တစ်စီး၊ ရေဂါလန် ၁၆၀၀၀ဆံ့ ရေသယ်ယာဉ် တစ်စီးတို့ဖြင့်လည်းကောင်း၊ ချောင်းဆုံမြို့နယ် ကညော်ကျေးရွာ၊ မုဒွန်းကျေးရွာ၊ ဒေါက်ရပ်ကျေးရွာ၊ ကော့မုပွန်ကျေးရွာများသို့ ချောင်းဆုံမြို့နယ် ကလော့ကျေးရွာမှ စေတနာရှင်ပြည်သူများက မေ ၁၂ရက်တွင် ထော်လာဂျီ ၁၀စီးဖြင့်လည်းကောင်း၊ နတ်မော်ကျေးရွာ၊ ဆယ်ဗလာကွမ်ရိုက်၊ တော်ကနာကျေးရွာများရှိ ပြည်သူများအတွက် သောက်သုံးရေများကို ရွာလွတ်ကျေးရွာ၊ ဝယ်လန်းကျေးရွာ၊ ကုလားဘီကျေးရွာများနှင့် ချောင်းဆုံအရှေ့ပိုင်းရပ်ကွက်၊ အနောက်ရပ်ကွက်များမှ စေတနာရှင် ပြည်သူများကလည်းကောင်း သောက်သုံးရေများ သွားရောက်ဝေငှလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄-၅-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၆။	ရိုးရာကျေးလက်ကစားနည်း
၈း၁၀	၇။	အကပြိုင်ပွဲ
၈း၂၀	၈။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈း၂၅	၉။	မြန်မာစာ မြန်မာစကား
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	ကြေးမုံရိပ်သွင် တေးနုယဉ်

ညပိုင်း

၃း၄၅	၁။	**AFC President's Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် FC Vakhsk (TJK) အသင်း နှင့် Nagacorp (CAM) အသင်း**
၅း၄၅	၂။	တေးဂီတအစီအစဉ်
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၆း၂၀	၅။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၁)
၈း၀၀	၇။	ပြည်တွင်းသတင်း
	၈။	နိုင်ငံတကာသတင်းများ
	၉။	မိုးလေဝသအခြေအနေ
	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၁၅)
	၁၁။	သီချင်းချစ်သူ (ကေကေတီ)

မေ ၁၃ရက် ညနေပိုင်းက Chatrium ဟိုတယ်၌ ကျင်းပသည့် ဥရောပသမဂ္ဂနေ့ အထိမ်းအမှတ် ညစာခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပသမဂ္ဂမှ သံအမတ်ကြီး H.E. Mr. David Lipman ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်မ...

ဟောပြောပွဲ ကျင်း...

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်မှ...
ဆောင် ပါမောက္ခ ဦးမော်သန်းက လက်မှတ်...
အားလုံး သိရှိနားလည်ထားရန် လိုအပ်သော MF...
V) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မေ ၃၀ရက် (...
တွင် ရန်ကုန်မြို့ အမှတ် (၂၉) မင်းရဲကျော်စွာလ...
မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်...
ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရော...
အတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ...
အတွက် မေ ၂၆ရက် နောက်ဆုံးထား၍ မြန်မာ...
စာရင်းကိုင်များအသင်းရုံးခန်း အမှတ် (၁/၁...
စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမ...
ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်...
အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်...
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ...
သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်...
ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်...
ရောက်နေဆဲ သင်တန်းသား သင်တန်းသူများ...
တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာ...
ကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ပြေ...

ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ...
သောက်သုံးရေလုံလောက်စွာ ရရှိစေရေးအတွက် ဒေ...
ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ လှူဒါန်းဝေ...

နေပြည်တော် မေ ၁၃

ရန်ကုန်တိုင်းအတွင်း ရာသီဥတုပူပြင်းမှုကြောင့် မြို့သောက်သုံးရေကန်များခန်းခြောက်ပြီး သောက်သုံးရေအခက်အခဲနှင့် ရင်ဆိုင်နေရရာ ကျောက်တန်းမြို့ပေါ် ခြောက်ရပ်ကွက်ရှိ မြို့နေပြည်သူများအတွက် ဒေသအာဏာပိုင်များ၊ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ရေသယ်ယာဉ် ခြောက်စီးဖြင့် ရေဖြန့်ဝေမှုအစီအစဉ်များကို စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် အင်ဂျင်နီယာမှူး ဦးထွန်းရင်တို့သည် မေ ၁၃ရက် နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးကြသည်။

ဖြန့်ဝေ

ပဲခူးတိုင်း ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်များ၌ ရာသီဥတု ပူပြင်းမှုနှင့် သုံးစွဲမှုများပြားသောကြောင့် သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ပြီး ဒေသအာဏာပိုင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပူးပေါင်းပြီး သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိသည်။

ဝေါမြို့နယ်

ဝေါမြို့နယ်အတွင်း ရေခက်ခဲသည့် ကျေးရွာ ၂၃ရွာဖြစ်သည့် ကံမြင့်၊ ကျုံသင်၊ အညာစု၊ ကျိုက်လှ၊ ပုဂံ၊ ဖက္ကလိပ်၊ ဖိုးဦးစိန်၊ တမာတကေ၊ အဖျားဘိုတဲ၊ အဖျားထမင်းဆိုင်၊ အဖျားငှက်ချေးဝင်း၊ ဗိုလ်ကတော်၊ အင်းတိုင်စု၊ စိုင်တီစု၊ အဖျားအုတ်ကျင်း၊ တနော်ကျွန်း၊ ကျုံပါအထက်၊ ကျုံပါအောက်၊ ကွဲတဲစု၊ ဘုရားပျို၊ ချောင်းကျိုး၊ ဆပ်သွားခြုံ၊ မယ်ဇလီကုန်းကျေးရွာများမှ အိမ်ခြေ ၂၆၈၃အတွက်

သောက်သုံးရေများကို ဝေါမြို့နယ် စည်ပင်သာ...
သောက်ရေကန်မှ ရေသယ်ယာဉ်များဖြင့် သော...
အား မေ ၅ရက်မှ ၈ရက်အတွင်း ဖြန့်ဝေပေး...

သနပ်ပင်မြို့နယ်

သနပ်ပင်မြို့နယ်အတွင်းရှိ တောဘုတ်စု၊ ...
အထက်ကျုံပါ၊ သနတ်တန်း၊ ငါးကြီးဝင်း၊ ...
မင်းရွာ၊ ကျောင်းစုကျေးရွာများ၌ မိုးရေလှော...
ခဲ့သဖြင့် သုံးရေအတွက် စစ်တောင်းတူးမြော...
သောက်ရေလုံလောက်မှုမရှိသဖြင့် မြို့နယ်စည...
ရေသယ်ယာဉ်နှစ်စီးဖြင့် ဧပြီ ၂၄ရက်မှစတင...
အလှည့်ကျ ရေဖြန့်ဝေပေးလျက်ရှိကြောင်း၊ မေ...
ရေသယ်ယာဉ် ခြောက်စီးဖြင့် ထပ်မံပေးဝေလျ...

ပဲခူးမြို့နယ်

ပဲခူးမြို့နယ်အတွင်းရှိ ကလိ၊ ရှမ်းရွာ...
မုက္ကလကျေးရွာများ၊ သနပ်ပင်မြို့နယ်အတွင်း...
သံတင်း၊ ခလပ်စုကျေးရွာများ၊ ဝေါမြို့နယ်အတ...
ကျေးရွာများ၊ ကဝမြို့နယ်အတွင်းရှိ သံတင်းက...
စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကား ငါးစီးဖြ...
အထိ စုစုပေါင်း သောက်ရေဂါလန် ၂၆၄၀၀...
သာယာရေးအဖွဲ့ပိုင် ရေစက်များ၊ ပဲခူးမြို့ ...
ရေတွင်းများမှ ဖြန့်ဖြူးပေးလျက်ရှိကြောင်း ...

သဲကုန်းမြို့နယ်

အလားတူ ပဲခူးတိုင်း သဲကုန်းမြို့နယ် ...
ကျေးရွာများ၌ သောက်သုံးရေကန်များ ခန်းခြေ...

စက်ရေတွင်းများတူး...

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို...
များ၊ အလှူရှင်များ၏ ပါဝင်လှူဒါန်းမှုဖြင့် မြ...
ရေးအဖွဲ့က အဖွဲ့ပိုင်တွင်းတူးစက်များဖြင့် စ...
တူးဖော် ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်)
ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင် ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော MFRS for SMEs (Part-V) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မေ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် မေ ၂၆ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး (၃၀/၂၀၁၀) ကျင်းပ

နေပြည်တော် မေ ၁၃

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး (၃၀/၂၀၁၀)ကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်းကိစ္စ၊ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌
ရှိစေရေးအတွက် ဒေသအာဏာပိုင်များ၊
ပေါင်း၍ လှူဒါန်းဝေငှ ကူညီဆောင်ရွက်ပေးလျက်ရှိ

သောက်သုံးရေများကို ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်္ဂလာသောက်ရေကန်မှ ရေသယ်ယာဉ်များဖြင့် သောက်ရေ ဂါလန် ၁၂၀၀၀ အား မေ ၅ရက်မှ ၈ရက်အတွင်း ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

သနပ်ပင်မြို့နယ်

သနပ်ပင်မြို့နယ်အတွင်းရှိ တောဘုတ်စု၊ ကသစ်ဝိုင်၊ ဉာဏ်ကျွန်း၊ အထက်ကျုံပါ၊ သနတ်တန်း၊ ငါးကြီးဝင်း၊ ကသဲကုန်း၊ ကျူကုန်း၊ မင်းရွာ၊ ကျောင်းစုကျေးရွာများ၌ မိုးရေလှောင်ကန်များ ခန်းခြောက်ခဲ့သဖြင့် သုံးရေအတွက် စစ်တောင်းတူးမြောင်းမှ သုံးစွဲနိုင်သော်လည်း သောက်ရေလုံလောက်မှုမရှိသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်နှစ်စီးဖြင့် ဧပြီ ၂၄ရက်မှစတင်ပြီး ကျေးရွာ ကိုးရွာသို့ အလှည့်ကျ ရေဖြန့်ဝေပေးလျက်ရှိကြောင်း၊ မေ ၆ရက်တွင် ပုဂ္ဂလိကပိုင် ရေသယ်ယာဉ် ခြောက်စီးဖြင့် ထပ်မံပေးဝေလျက်ရှိကြောင်း သိရှိရသည်။

ပဲခူးမြို့နယ်

ပဲခူးမြို့နယ်အတွင်းရှိ ကလိ၊ ရှမ်းရွာကြီး၊ အိုးဘို၊ စိုင်တီ၊ မုက္ကလကျေးရွာများ၊ သနပ်ပင်မြို့နယ်အတွင်းရှိ မင်းရွာ၊ ပေပင်ချောင်၊ သံတင်း၊ ခလပ်စုကျေးရွာများ၊ ဝေါမြို့နယ်အတွင်းရှိ မိုးနတ်၊ ကြာကန်စုကျေးရွာများ၊ ကဝမြို့နယ်အတွင်းရှိ သံတင်းကျေးရွာများသို့ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကား ငါးစီးဖြင့် မေ ၈ရက်မှ ၁၂ရက်အထိ စုစုပေါင်း သောက်ရေဂါလန် ၂၆၄၀၀ကို ပဲခူးမြို့ပေါ်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေစက်များ၊ ပဲခူးမြို့ မဇင်းဆည်နှင့် ပုဂ္ဂလိကရေတွင်းများမှ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သဲကုန်းမြို့နယ်

အလားတူ ပဲခူးတိုင်း သဲကုန်းမြို့နယ် အင်းမနယ်မြေအတွင်းရှိ ကျေးရွာများ၌ သောက်သုံးရေကန်များ ခန်းခြောက်ခြင်း၊ လက်တူးတွင်းနှင့် လက်နှိပ်တွင်းတိမ်များ မြေအောက်ရေဆုတ်သွားခြင်းတို့ကြောင့် သောက်သုံးရေရှားပါးမှုကို ရင်ဆိုင်နေခဲ့ရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိသည်။

အင်းမနယ်မြေ

သဲကုန်းမြို့နယ် အင်းမနယ်မြေကျေးရွာအုပ်စု ချားလျားကုန်း၊ တံခွန်တိုင်၊ ရပ်သာ၊ ကျွဲခေါင်း၊ ရွာသစ်ကျေးရွာအုပ်စုများရှိ ချားလျားကုန်း၊ ဇလံကုန်း၊ ရွာသာကုန်း၊ ခေါင်းပင်လူး၊ သစ်ချို၊ တောင်ကုန်း၊ တောချဉ်၊ မအူကန်၊ စပယ်ကန်၊ သီးကုန်း၊ ပြားကြီး၊ ချောင်းကမ်းကြီး၊ ကျွဲခေါင်း၊ သာပေါင်း၊ ထန်းတောကြီး၊ ပျဉ်ထောင်ကုန်းနှင့် ဇင်ညင်းကုန်းကျေးရွာများရှိ အိမ်ခြေ ၁၃၃၁အတွက် မေ ၁၂ရက်မှ စတင်ပြီး သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ် တစ်စီးဖြင့် သောက်သုံးရေများ နေ့စဉ် နှစ်ခေါက်နှုန်းဖြင့် အလှည့်ကျပေးဝေခြင်း၊ ချားလျားကုန်းကျေးရွာရှိ လက်နှိပ်တုံကင်တွင်းတွင် အဖွဲ့ပိုင်အင်ဂျင်၊ လေမှုတ်စက်ဖြင့်တပ်ဆင်ကာ ရေပေးဝေခြင်းတို့ကို ဆောင်ရွက်ပေးခြင်း၊ ထို့အပြင် ဒေသအာဏာပိုင်များနှင့်ညှိနှိုင်းပြီး သဲကုန်း၊ အင်းမ၊ ပုတီးကုန်း၊ မီးသတ်တပ်ဖွဲ့များမှ မီးသတ်ယာဉ်များဖြင့် သောက်ရေများ အခမဲ့ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လားရှိုးမြို့နယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက် ၁၂ခုရှိ မြို့နေလူထုအတွက် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သောက်သုံးရေများကို နေ့စဉ် စနစ်တကျ ဖြန့်ဖြူးပေးလျက်ရှိရာ ရေကန်တောင် ရေကန်များ၊ မြို့ဝမ်ရေထွက်၊ ဟူးမွန်ဆည်၊ ကောက်ကွေ့ဆည်၊ နမ့်ခိုက်ရေထွက် စသော ရေအရင်းအမြစ်များမှ နေ့စဉ် ရေဂါလန် ၂၇သိန်းခန့် ဖြန့်ဝေပေးလျက်ရှိသည်။ ယခုအခါ ရာသီဥတုပူပြင်းမှုကြောင့် ရေထွက်နှုန်းများ ကျဆင်းလျက်ရှိရာ နေ့စဉ်ရေဂါလန် ၂၁သိန်းခန့်သာ ဖြန့်ဝေနိုင်သဖြင့် ယခင်အတိုင်း ဖူလုံစွာ ဖြန့်ဝေနိုင်ရေးအတွက် ဒေသအာဏာပိုင်များ၊ အလှူရှင်များ၏ ပါဝင်လှူဒါန်းမှုဖြင့် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်သာယာရေးဦးစီးဌာနပိုင် တွင်းတူးစက်ဖြင့် မြို့ပေါ်ရပ်ကွက်များတွင် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိသည်။

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေတွင်းတူးစက်များဖြင့် မေ ၅ရက်မှစတင်၍ စက်ရေတွင်းများ စတင်တူးဖော်ပေးလျက်ရှိရာ အမှတ် (၁၂)ရပ်ကွက် လေယာဉ်ကွင်းလမ်းတွင် လေးလက်မ စက်ရေတွင်း အနက်ပေ ၁၅၀ ရေထွက်နှုန်း တစ်နာရီရေဂါလန် ၁၀၀၀ဖြင့်လည်းကောင်း၊ အမှတ် (၁၁)ရပ်ကွက် ရတနာလမ်းတွင် လေးလက်မ စက်ရေတွင်း အနက်ပေ ၂၈၀ ရေထွက်နှုန်း တစ်နာရီ ရေဂါလန် ၂၀၀၀ဖြင့်လည်းကောင်း၊ အမှတ် (၁၀)ရပ်ကွက် တိုင်းရုံးလမ်းတွင် လေးလက်မ စက်ရေတွင်း အနက်ပေ ၄၅၀ ရေထွက်နှုန်း တစ်နာရီ ရေဂါလန် ၁၀၀၀ဖြင့်လည်းကောင်း၊ အမှတ် (၁)ရပ်ကွက် ပါရမီလမ်းတွင် လေးလက်မစက်ရေတွင်း အနက်ပေ ၂၅၀ ရေထွက်နှုန်း တစ်နာရီရေဂါလန် ၁၅၀၀ဖြင့်လည်းကောင်း တူးဖော်ပြီးစီးခဲ့ပါသဖြင့် အဆိုပါရပ်ကွက် လေးရပ်ကွက်အတွင်းရှိ လူဦးရေ ၅၀၀၀ခန့်၊ အိမ်ခြေ ၁၀၀၀ခန့်မှာ ယခင်အတိုင်း ရေဖူလုံစွာ ရယူသုံးစွဲနိုင်ကြောင်း သိရသည်။

ကလောမြို့နယ်

ထို့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကလောမြို့ ရေပေးရေးအား နေ့စဉ် ရေအေးကန်မှ တစ်နေ့ ရေဂါလန် ၁ ဒသမ ၄သိန်းဖြင့် ရပ်ကွက် (၃)၊ (၄)၊ (၅)၊ (၁၀)သို့လည်းကောင်း၊ အင်းပြင်ရေထွက်မှ တစ်နေ့ ရေဂါလန် ၁ ဒသမ ၂သိန်းနှုန်းဖြင့် ရပ်ကွက် (၁)၊ (၂)၊ (၄)၊ (၅)၊ (၆)၊ (၇)သို့လည်းကောင်း၊ သစ်ထွင်းရေထွက်မှ တစ်နေ့လျှင် ရေဂါလန် လေးသောင်းနှုန်းဖြင့် ရပ်ကွက်အမှတ် (၈)၊ (၉)၊ (၁၀)သို့လည်းကောင်း အသီးသီး ဖြန့်ဝေပေးလျက်ရှိရာ ကလောမြို့ကို တစ်နေ့လျှင် စုစုပေါင်း ရေဂါလန် ၂ ဒသမ ၈သိန်းခန့် ဖြန့်ဝေပေးလျက်ရှိသည်။ ယခုအခါ ရာသီဥတုပူပြင်း၍ ရေခန်းခြောက်မှုကြောင့် အင်းပြင်ရေထွက်နှင့် သစ်ထွင်းရေထွက်များမှ ပုံမှန်နှုန်းထားအတိုင်း ရေပေးဝေနိုင်သော်လည်း ရေအေးကန်မှာ ရေလျော့နည်းလာသဖြင့် ရပ်ကွက် (၃)၊ (၄)၊ (၅)၊ (၁၀) ရပ်ကွက်လေးခုသို့ နေ့စဉ် ရေဂါလန် ငါးသောင်းခန့်သာ ပေးဝေနိုင်ပါသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းဦးစီး၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်များ၊ ပုဂ္ဂလိကစေတနာရှင်များ၏ ရေသယ်ယာဉ်များ စုပေါင်း၍ ရေသယ်ယာဉ် ၁၁စီးဖြင့် မေ ၁၀ရက်မှစကာ ရေရှားပါးသည့် ရပ်ကွက် (၃)၊ (၄)၊ (၅)၊ (၁၀) ရပ်ကွက်လေးခုသို့ နေ့စဉ် ရေများ သယ်ဆောင်ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ အောင်ပန်းမြို့ ရေပေးရေးတွင်လည်း ငါးကြောင်အိုင်ဆည်မှ တစ်နေ့ ရေဂါလန် တစ်သိန်းနှုန်းဖြင့် နေ့စဉ်ပေးဝေလျက်ရှိသည့်အပြင် ရေရှားသော ရပ်ကွက်များသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေသယ်ယာဉ် လေးစီးဖြင့် နေ့စဉ်သယ်ယူ ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ရေတွင်းများတူးဖော်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဒေသအာဏာပိုင်များ၊ အလှူရှင်များ၏ ပါဝင်လှူဒါန်းမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်တွင်းတူးစက်များဖြင့် စက်ရေတွင်းများ ဤသို့တူးဖော် ပေးလျက်ရှိသည်။ (နယ်စပ်စည်ပင်)

ရေဖြန့်ဝေပေး

ကျောက်တန်းမြို့ပေါ် ခြောက်ရပ်ကွက်ရှိ ပြည်သူများအတွက် ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးစဉ်။

(နယ်စပ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေး စာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းထူထောင်ပေး

နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော နိုင်ငံသူ နိုင်ငံသားများအားလုံး အသိအမြင်ကြွယ်ဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အလင်းဖွင့်ပေးရာ ဌာနများသည် စာကြည့်တိုက်များပင်ဖြစ်သည်။ ထိုစာကြည့်တိုက်များ မြန်မာတစ်နိုင်ငံလုံးတွင် မြေပြန့်၊ တောင်ပေါ်ဒေသမကျန် တည်ရှိနေခြင်းသည် နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနေပါသည်။

ပညာဘဏ်တိုက်၊ စာကြည့်တိုက်ဟူသော ဆောင်ပုဒ်အရ ပညာကိုလိုလားသူတို့ လွတ်လပ်စွာ ပညာရှာမှီးနိုင်သောဌာနကို စာကြည့်တိုက်ဟုခေါ်သည်။ ထို့ပြင်စာကြည့်တိုက်သည် စုဆောင်းထားရှိသော စာအုပ်စာတမ်းများကို စာဖတ်သူများအလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် စနစ်တကျစီစဉ်ထားရှိသော နေရာလည်းဖြစ်သည်။ စာအုပ်စာတမ်းများနှင့် ပြည်သူလူထုကို ဆက်သွယ်ပေးသော နေရာဖြစ်၍ အသိပညာဗဟုသုတ ဖြန့်ဖြူးပေးရာဌာန၊ ပညာရှင်များကို မွေးထုတ်ပေးရာ ဉာဏအလုပ်ရုံအဖြစ် မှတ်ယူနိုင်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အခြေခံလိုအပ်ချက်ဖြစ်သည့် စာပေဖတ်ရှုလေ့လာခြင်းကို စွဲမြဲစွာ ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာတိုင်းတွင် သတ်မှတ်စံ(၅)ရပ်နှင့် ကိုက်ညီသည့် ရေရှည်ခိုင်မာရှင်သန်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တိုးမြှင့်တည်ဆောက်ကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၀၄ခုနှစ်မှ စတင်၍ နိုင်ငံတော်၏ အား၊ ဒေသခံပြည်သူများ၏ အား၊ စေတနာရှင်ပြည်သူများ၏ အားဟူသော အား (၃)အားဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တည်ထောင်ခဲ့သည်။ စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ် ၁၀၀၊ ၁၅၀ နှုန်းဖြင့် ကျေးရွာရှိ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ရပ်ကွက်ရုံးများ၊ သမဝါယမ အဆောက်အအုံများ၊ လူနေအိမ်များ စသည်တို့တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာပေါင်း ၆၄၉၈၉ရွာအနက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅ တိုက် တည်ထောင်နိုင်ခဲ့ပါသည်။

သို့ရာတွင် ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များသည် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံမရှိခြင်း၊ ပရိဘောဂ၊ စာအုပ်စာစောင် ပြည့်စုံမှုမရှိခြင်းတို့ကြောင့် ရေရှည်တည်တံ့မှုကို နှောင့်နှေးစေခဲ့ရသည်။ ထို့ကြောင့် ဒုတိယအဆင့် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံဖြင့် ပရိဘောဂ၊ စာအုပ်စာစောင်များ ပြည့်စုံရေးကိုဆောင်ရွက်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် ကျေးရွာစာကြည့်တိုက်များကို ရေရှည်တိုးတက် ခိုင်မာသော စာကြည့်တိုက်များ ဖြစ်လာစေရန် လုပ်ငန်းစဉ်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယင်းလုပ်ငန်းစဉ် (၅)ရပ်မှာ-

(က) ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိပြီး စာဖတ်သည့်အလေ့အထများ ဖြစ်ပေါ်လာအောင် စည်းရုံးဆောင်ရွက်သွားရေး၊

(ခ) ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် အလှူငွေများ ရှာဖွေခြင်း၊ စာငှားကတ်စနစ် အသုံးပြုခြင်းတို့ဖြင့် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊

(ဂ) စာကြည့်တိုက်ပိုင်မြေနှင့် စာကြည့်တိုက်ပိုင် အဆောက်အအုံရှိလာစေရန်ဆောင်ရွက်ရေး၊

(ဃ) စာကြည့်တိုက်များတွင် သင့်တင့်သော ပရိဘောဂနှင့် ပစ္စည်းများရှိလာစေရန်ဆောင်ရွက်ရေး၊

(င) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိစေရန် လေ့ကျင့်ပျိုးထောင်သွားရေးနှင့် စာကြည့်တိုက်ကော်မတီဖွဲ့စည်းကြပ်မတ်ရေး။

အဆိုပါလုပ်ငန်းစဉ် (၅)ရပ်ကို အားလေးအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့အထိ စံ(၅)ရပ်နှင့်ညီသော ကျေးရွာစာကြည့်တိုက် ၂၈၆၅၈တိုက်ကို ရေရှည်တည်တံ့ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျန်ရှိသော ၂၇၀၉၇ တိုက်ကိုလည်း ၂၀၁၀ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့အပြီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကျေးရွာစာကြည့်တိုက်များ ခိုင်မာရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျပ်သိန်းပေါင်း ၃၀၀၀ မတည်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်လည်း ကျပ်သိန်းပေါင်း ၄၀၀၀အသုံးပြုရန် လျာထားပြီးဖြစ်ပါသည်။

သို့သော် နိုင်ငံတော်ဘဏ္ဍာငွေနှင့် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုတစ်ခုတည်းဖြင့် ကျေးရွာစာကြည့်တိုက်များကို ခိုင်မာသော စာကြည့်တိုက်များအဖြစ်သို့ ရောက်ရှိရန် ဖြစ်နိုင်ခြေအားနည်းကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးကို အထောက်အကူပြုရန်နှင့် စာအုပ်စာစောင်များ ကူညီပံ့ပိုးပေးနိုင်ရန်အတွက် စာပေပညာရှင်များ၊ လုပ်ငန်းရှင်များ ပါဝင်သည့် စာကြည့်တိုက်ဖောင်ဒေးရှင်းတစ်ခုကို ဖွဲ့စည်းရန် ရည်ရွယ်ခဲ့ပါသည်။

သို့ဖြစ်၍ ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံ ရှိရေးအပါအဝင် သတ်မှတ်စံ(၅)ရပ်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (Rural Library Foundation) ဖွဲ့စည်းထူထောင်ခြင်း အခမ်းအနားကို ရန်ကုန်မြို့၌ မကြာမီကျင်းပရန် စီစဉ်လျက်ရှိပါသည်။

စာကြည့်တိုက်ဖောင်ဒေးရှင်းကို အောက်ပါအဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်-

(က) နာယကအဖွဲ့

(ခ) အလုပ်အမှုဆောင်အဖွဲ့

(ဂ) ရုံးအဖွဲ့

စာကြည့်တိုက်ဖောင်ဒေးရှင်း၏ လုပ်ငန်းတာဝန်များအဖြစ် အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာအုပ်စာစောင်များ ဖြည့်ဆည်းထောက်ပံ့ခြင်း၊

(ခ) အခိုင်အမာ စာကြည့်တိုက်များအဖြစ် ရပ်တည်လာနိုင်စေရေးအတွက် အဆောက်အအုံနှင့်ပရိဘောဂများ မတည်ထောက်ပံ့ပေးခြင်း၊

(ဂ) ပြည်သူများအတွင်း စာဖတ်ဝါသနာနှင့် စာဖတ်သည့် အလေ့အထ ပြန့်ပွားစွဲမြဲခိုင်မာလာစေရေးအတွက် စာပေပညာရှင်များ ကွင်းဆင်း၍ ဟောပြောဆွေးနွေးမှု၊ ပညာပေးစည်းရုံးမှု၊ ပျိုးထောင်မြေတောင်မြှောက်မှုများ၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် စီစဉ်ထောက်ကူပံ့ပိုးဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာစာကြည့်တိုက်များ စနစ်တကျထိန်းသိမ်းလည်ပတ်နိုင်စေရေးအတွက် ပညာရပ်ဆိုင်ရာ ပံ့ပိုးကူညီမှုများပေးခြင်း၊

(င) ဖောင်ဒေးရှင်းရန်ပုံငွေ တိုးပွားစေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ ဖွဲ့စည်းခြင်း။

စာကြည့်တိုက် ဖောင်ဒေးရှင်းသည် ဗဟိုအဆင့်ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဗဟိုကိုယ်စားကူညီပံ့ပိုးဆောင်ရွက်နိုင်မည့် စေတနာ့ဝန်ထမ်းများဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။ အထူးသဖြင့် နာယကနှင့် အလုပ်အမှုဆောင်အဖွဲ့များသည် ဖောင်ဒေးရှင်းလုပ်ငန်းများကို စေတနာ၊ ဝါသနာအရင်းခံ၍ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ လှူဒါန်းရရှိသည့် အလှူငွေများကို ငွေပဒေသာပင်အဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံရမည်ဖြစ်သည်။

ထို့ပြင် ရရှိသည့် ဘဏ်အတိုးအညွှန့်များကိုသာ ဖောင်ဒေးရှင်းလုပ်ငန်းများတွင် သုံးစွဲဆောင်ရွက်ရမည်ဖြစ်သည်။ ဖောင်ဒေးရှင်းများ၏ အုပ်ချုပ်မှုလုပ်ငန်းများတွင် အသုံးစရိတ်ကို ပြက္ခဒိန်တစ်နှစ်တာကာလအတွက် သုံးစွဲခွင့်ရရှိသည့် ငွေကြေးပမာဏ၏ ဝဒသမ၅ရာခိုင်နှုန်းမှ ၅ရာခိုင်နှုန်းအတွင်းသာဆောင်ရွက်ရမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ခြင်းသည် အသိပညာဗဟုသုတ မြင့်မားရေးအတွက်သာမက ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့ဖြစ်၍ သတ်မှတ်စံ(၅)ရပ်နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်လာစေရေးအတွက် ကူညီပံ့ပိုးနိုင်ရန် စာပေပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း (Rural Library Foundation) ဖွဲ့စည်းထူထောင်ခြင်းနှင့် စာကြည့်တိုက်ဖောင်ဒေးရှင်းအတွက် မတည်အလှူငွေများ ပေးအပ်ခြင်းအခမ်းအနားကို ဆောင်ရွက်သွားမည်ဖြစ်ရာ စေတနာရှင် ပြည်သူများအနေဖြင့် မတည်အလှူငွေများ သဒ္ဓါထက်သန်စွာ ပါဝင်လှူဒါန်းကြပါရန် အလေးထား တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

> **နိုင်ငံတော်ဘဏ္ဍာငွေနှင့် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုတစ်ခုတည်းဖြင့် ကျေးရွာ စာကြည့်တိုက်များကို ခိုင်မာသော စာကြည့်တိုက်များအဖြစ်သို့ ရောက်ရှိရန် ဖြစ်နိုင်ခြေ အားနည်းကြောင်း တွေ့ရှိရ။ ထို့ကြောင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက် ခိုင်မာရေးကို အထောက်အကူပြုရန်နှင့် စာအုပ်စာစောင်များ ကူညီပံ့ပိုးပေးနိုင်ရန်အတွက် စာပေပညာ ရှင်များ၊ လုပ်ငန်းရှင်များပါဝင်သည့် စာကြည့်တိုက် ဖောင်ဒေးရှင်းတစ်ခုကို ဖွဲ့စည်းရန် ရည်ရွယ်ခဲ့။**

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းထူထောင်မှုကိုကြိုဆို ရေနံချောင်း အလင်းစေတမန်စာကြည့်တိုက်သို့ ငွေပဒေသာပင်နှင့် စာအုပ်များလှူဒါန်း

နေပြည်တော် မေ ၁၃

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ထူထောင်မှုကို ကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်နှင့် ဝန်ထမ်းများက မကွေးတိုင်း ရေနံချောင်းမြို့ရှိ အလင်းစေတမန်စာကြည့်တိုက်သို့ စာအုပ်စာစောင်၊ ဂျာနယ်မျိုးစုံနှင့် ထာဝရငွေပဒေသာပင်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂နာရီက နေပြည်တော် တပ်ကုန်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် နေပြည်တော်တပ်ကုန်း မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ စာတည်းများဖြစ်ကြသော ဦးလှစိန်နှင့် ဦးကြည်ဝင်းတို့က စာအုပ်စာစောင်၊ ဂျာနယ်မျိုးစုံနှင့် ထာဝရငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ အလင်းစေတမန်စာကြည့်တိုက်ကော်မတီကိုယ်စား မန္တလေးတိုင်းမြေစာရင်းဦးစီးဌာန ဒုတိယတိုင်းမြေစာရင်းဦးစီးမှူး ဦးမင်းသိန်းနှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသက်ဆန်းဦးတို့က လက်ခံယူကြပြီး (ဝဲပုံ) ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားပုံရိပ်လွှာ

ဘရာဇီးနဲ့ အနောက်ဂျာမနီတို့ အောင်ပွဲဆင်ခဲ့တဲ့ ကမ္ဘာ့ဖလားပွဲများ

ရေးသူ-မောင်မောင်မြင့်ဆွေ ◇ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ရောမ မေ ၁၃

၁၉၉၀ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ အိမ်ရှင်ကတော့ အီတလီနိုင်ငံပဲဖြစ်ပါတယ်။ အီတလီနိုင်ငံရဲ့ ဘောလုံးကွင်းတွေဟာ ကမ္ဘာ့အဆင့်အတန်းမီတဲ့အတွက် ပြိုင်ပွဲဝင်ဘောလုံးသမားတွေဟာ အခက်အခဲတစ်စုံတစ်ရာမရှိဘဲ ကစားနိုင်ကြတာမို့ ပြိုင်ပွဲဝင် ဘောလုံးအသင်းတွေဟာ စိတ်ချမ်းမြေ့စွာ ယှဉ်ပြိုင်နိုင်ခဲ့ကြပါတယ်။၁၉၉၀ပြည့်နှစ် အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ဘောလုံးအသင်း ၂၄သင်း ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ဒီကမ္ဘာ့ဖလား ပြိုင်ပွဲမှာတော့ ပရိသတ်တွေ စိတ်ဝင်စားပြီး နာမည်ကြီးနေတဲ့အသင်းတွေက ဒိန်းမတ်၊ ပြင်သစ်၊ ပေါ်တူဂီတို့ဖြစ်၍ ထူးထူးခြားခြားခြေစစ်ပွဲအောင်ပြီး ပါဝင်ဆင်နွှဲခဲ့တဲ့ အသင်းတွေကတော့ ကော့စတာရီကာနဲ့ ယူအေအီးတို့ ဖြစ်ပါတယ်။

ဂိုးသွင်းမှု

အီတလီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ၂၄သင်းဟာ ပွဲအစအဆုံး စုစုပေါင်း ၅၂ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ ပြိုင်ပွဲဝင်အသင်းတွေရဲ့ ဂိုးသွင်းမှု စုစုပေါင်းဟာ ၁၁၅ ဂိုးဖြစ်ပြီး တစ်ပွဲချင်းပျမ်းမျှ ၂ဒသမ ၂၁ဂိုးနှုန်း ရှိခဲ့ပါတယ်။

ဆွတ်ခူး

၁၉၉၀ပြည့်နှစ် အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို အနောက်ဂျာမနီနဲ့ အာဂျင်တီးနားအသင်းတွေ တက်ရောက်ခဲ့ပြီး အနောက်ဂျာမနီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ကမ္ဘာ့ဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အနောက်ဂျာမနီအသင်းဟာ ၁၉၅၄ ခုနှစ်၊ ၁၉၇၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွေမှာလည်း ဖလား ဆွတ်ခူးနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ အနောက်ဂျာမနီအသင်းဟာ ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ စုစုပေါင်း ၁၅ဂိုး သွင်းယူနိုင်ခဲ့လို့ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ် အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုရရှိခဲ့သူကတော့ ခြောက်ဂိုး သွင်းယူနိုင်ခဲ့တဲ့ အီတလီအသင်းက ချီလာစီဖြစ်ပါတယ်။

ကြာမြင့်ခဲ့

၁၉၉၀ ပြည့်နှစ် အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ အကြိုဗိုလ်လုပွဲအဖြစ် အီတလီနဲ့ အာဂျင်တီးနားတို့ ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ ပထမပိုင်းပွဲချိန် ၄၅ မိနစ်အပြီး လေလွင့်ချိန်ထပ်ဆောင်းပေးတာဟာ ရှစ်မိနစ်အထိ ကြာမြင့်ခဲ့ပါတယ်။ ဒီလို ကြာမြင့်ခဲ့တာဟာ ကွင်းလယ်ဒိုင်လူကြီးက သူ့လက်ပတ်နာရီကို ကြည့်ဖို့ မေ့သွားတာကြောင့်ဖြစ်ပါတယ်။

၁၉၉၀ပြည့်နှစ် အီတလီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် အနောက်ဂျာမနီနဲ့ အာဂျင်တီးနားတို့ ယှဉ်ပြိုင်တဲ့ပွဲမှာ အာဂျင်တီးနားအသင်းက ပီဒရိုမွန်ဇုန်ဟာ ပွဲစတင်ပြီး ၂၂မိနစ်မှာ အထုတ်ခံခဲ့ရတာဟာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသမိုင်းတစ်လျှောက်မှာ ပထမဆုံး အထုတ်ခံရတဲ့ ဘောလုံးသမားဖြစ်ခဲ့ပါတယ်။

သေဆုံး

ဒါ့အပြင် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အင်္ဂလန်နဲ့ နိုင်ဂျီးရီးယားတို့ ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ နိုင်ဂျီးရီးယားဘောလုံးသမား အသက် ၂၃နှစ်အရွယ်ရှိတဲ့ အိုကဝါရာဂျေဟာ ဘောလုံးကစားရင်း ကွင်းထဲမှာ နှလုံးရောဂါကြောင့် ရုတ်တရက် လဲကျသေဆုံးခဲ့ပါတယ်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာ ပွဲကစားရင်း သေဆုံးခဲ့တဲ့ ပထမဆုံးဘောလုံးသမားဖြစ်ခဲ့ပါတယ်။

မှတ်တမ်းသစ်

၁၉၉၀ပြည့်နှစ် အီတလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ နောက်ဆုံး ရှစ်သင်းအဆင့်ကို ကင်မရွန်းအသင်း တက်ရောက်နိုင်ခဲ့တာဟာ အာဖရိကတိုက်ဘောလုံးအသင်းတွေထဲမှာ ပထမဆုံး အသင်းအဖြစ် မှတ်တမ်းသစ် တင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြောက်အိုင်ယာလန်အသင်းကလည်း နောက်ဆုံးရှစ်သင်းအထိ နိုင်ပွဲတစ်ပွဲမှ မရရှိဘဲ သရေပွဲနဲ့ချည်း တက်ရောက်နိုင်ခဲ့တာကလည်း ထူးခြားနေပါတယ်။ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အာဂျင်တီးနားတို့ အနောက်ဂျာမနီနဲ့ ယှဉ်ပြိုင်တဲ့ပွဲမှာ တစ်ဂိုးမျှ မသွင်းနိုင်ခဲ့တာကလည်း အာဂျင်တီးနားရဲ့ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲသမိုင်းမှာ ပထမဆုံးအကြိမ် ဖြစ်ခဲ့ပါတယ်။

ဗိုလ်စွဲခဲ့တဲ့ အနောက်ဂျာမနီအသင်းရဲ့ နည်းပြ ဘက်ကင်ဘောင်ဝါဟာ ၁၉၇၄ခုနှစ်က အနောက်ဂျာမနီအသင်း ကမ္ဘာ့ဖလားရယူခဲ့စဉ်က အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားပြီး ကမ္ဘာ့ဖလားရယူနိုင်ခဲ့သလို ၁၉၉၀ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ နည်းပြအဖြစ်နဲ့ ကမ္ဘာ့ဖလားရအောင် စွမ်းဆောင် ပေးနိုင်ခဲ့တာကလည်း ထူးခြားတဲ့ မှတ်တမ်းဝင်မှုတစ်ရပ်ပါပဲ။

၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ သုံးကြိမ်မြောက်ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်ခဲ့သည့် အနောက်ဂျာမနီအသင်း ကမ္ဘာ့ဖလားနှင့်အတူ ဤသို့ ပျော်ရွှင်ဝင့်ကြွားခဲ့ကြသည်။

နောက်ပြီး ကင်မရွန်းနဲ့ ကိုလံဘီယာတို့ရဲ့ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲမှာ ကင်မရွန်းအသင်းက အသက် ၃၈နှစ်ရှိတဲ့ ရော်ဂျာမီလာ ဂိုးသွင်းနိုင်ခဲ့တာကြောင့် ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာ အသက်အကြီးဆုံး ဂိုးသွင်းနိုင်တဲ့ ဘောလုံးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

၁၉၉၀ပြည့်နှစ် အီတလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အနောက်ဂျာမနီကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပြီး ကမ္ဘာ့ဖလား လက်လွတ်ဆုံးရှုံးခဲ့ရတဲ့အတွက် အာဂျင်တီးနား တိုက်စစ်မှူး မာရာဒိုနာ ငိုကြွေးခဲ့ရပါတယ်။

အမေရိကန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

၁၉၉၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းမှာ အမေရိကန်တို့ အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပနိုင်ခဲ့ခြင်းဖြစ်တာမို့ အမေရိကန်ဘောလုံးအဖွဲ့ချုပ်ဟာ ပြိုင်ပွဲကို အတတ်နိုင်ဆုံး ခမ်းနားထည်ဝါအောင် ကျင်းပနိုင်ရေး ကြိုးစားခဲ့ပါတယ်။

ပါဝင်

အမေရိကန်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို နိုင်ငံတကာ ဘောလုံးအသင်း ၂၄သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ဘောလုံးပွဲစဉ်ပေါင်း ၅၂ပွဲ ယှဉ်ပြိုင်ခဲ့ကြတဲ့ အမေရိကန် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အရင်ကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့အသင်းတွေက အင်္ဂလန်နဲ့ ပြင်သစ်တို့ပဲဖြစ်ပါတယ်။ မထင်မှတ်ဘဲ ကော်ကောင်ဖြစ်နိုင်တဲ့ အသင်းတွေကတော့ ဂရိ၊ နိုင်ဂျီးရီးယားနဲ့ ဆော်ဒီအာရေဗျအသင်းတို့ ဖြစ်ပါတယ်။

သွင်းယူ

ပြိုင်ပွဲတစ်လျှောက်လုံးမှာ ဘောလုံးအသင်းတွေရဲ့ စုစုပေါင်း ဂိုးသွင်းမှုဟာ ၁၄၁ဂိုးဖြစ်ပြီး ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ အသင်းက ဆွီဒင်ဖြစ်ပါတယ်။ နောက်ဆုံး ဗိုလ်လုပွဲကို ဘရာဇီးနဲ့ အီတလီအသင်းတွေ တက်လာခဲ့ပြီး ဘရာဇီးက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရခဲ့လို့ ကမ္ဘာ့ဖလားကို စတုတ္ထအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြန်ပါတယ်။ ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ တစ်ဦးချင်း ဂိုးအများဆုံးသွင်းယူခဲ့တဲ့ ဘောလုံးသမားကတော့ ရုရှားအသင်းက အိုလက်ဆာလန်ကိုဖြစ်ပါတယ်။ သူက တစ်ဦးတည်း ခြောက်ဂိုး သွင်းယူနိုင်ခဲ့လို့ ရွှေဖိနပ်ဆု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပါတယ်။

စတင်

အမေရိကန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကစတင်ပြီး ကွင်းလယ်ဒိုင်လူကြီးနဲ့ စည်းကြပ်ဒိုင်တွေအားလုံး နှစ်ဖက်အသင်း ဘောလုံးသမားတွေနဲ့ ကွဲပြားအောင် အနက်ရောင်အင်္ကျီကို စတင်ဝတ်ဆင် ပွဲထွက်ခဲ့ကြပါတယ်။ ပြိုင်ပွဲဝင်ဘောလုံးသမားတွေရဲ့ ဂျာစီအင်္ကျီမှာ ကျောနံပါတ်အပြင် ဘောလုံးသမားတွေရဲ့ နာမည်ကိုလည်း ရေးထိုးမှုစတင်ခဲ့တဲ့ပွဲလည်း ဖြစ်ပါတယ်။

ဒီကမ္ဘာ့ဖလားပွဲမှာ အာဂျင်တီးနားအသင်းမှ ကမ္ဘာကျော် ဘောလုံးသမား မာရာဒိုနာဟာ ဆေးစစ်တဲ့အခါ မူးယစ်ဆေးဝါး သုံးစွဲမှုတွေ့ရတာကြောင့် ဖီဖာက ပြိုင်ပွဲမှာ ဝင်ရောက်ကစားခွင့် ပိတ်ပင်မှုမတိုင်မီ နည်းပြက ကစားသမားစာရင်းမှ ပြန်လည် ရုပ်သိမ်းခဲ့ရတာကလည်း ထူးခြားမှုပါပဲ။

ဒါ့အပြင် ကိုလံဘီယာနဲ့ အမေရိကန်အသင်းတို့ ယှဉ်ပြိုင်တဲ့ပွဲမှာ ကိုလံဘီယာ နောက်တန်းကစားသမား အင်ဒရက်စ်အက်စ်ကိုဘာဟာ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလို ဖြစ်ခဲ့ပါတယ်။ ကိုလံဘီယာအသင်း ရှုံးပွဲကြောင့် မိခင်နိုင်ငံ ပြန်ရောက်တဲ့အခါ အက်စ်ကိုဘာကို စိတ်နာဒေါသထွက်ပြီး သေနတ်သမားတွေက ပစ်သတ်ခဲ့တာကလည်း ထူးခြားမှုတစ်ရပ်ပါပဲ။

မြန်ပို့

အမေရိကန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ တောင်ကိုရီးယားနဲ့ ဂျာမနီတို့ ကစားတဲ့ပွဲမှာ ဂျာမနီအသင်းက စတီဖန်အီဖန်ဘတ်ဟာ ပွဲကစားနေချိန်အတွင်းမှာ ပရိသတ်တွေကို ညစ်ညမ်းဖွယ် လက်ချောင်းအမူအရာနဲ့ လုပ်ပြခဲ့လို့ နည်းပြ ဘာတီဖော့က်စ်က ပွဲပြီးတဲ့အခါ ချက်ချင်းအိမ်ပြန်ပို့ခဲ့တာကလည်း စိတ်ဝင်စားစရာဖြစ်ရပ်ဖြစ်ပါတယ်။ ဒါ့အပြင် ခြောက်ဂိုးနဲ့ ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုရရှိခဲ့တဲ့ ရုရှားက ဆာလန်ကိုဟာ ကင်မရွန်းနဲ့ ပွဲတစ်ပွဲတည်းမှာ ငါးဂိုးသွင်းယူခဲ့တာဟာလည်း မှတ်တမ်းတင်ရမယ့် ထူးခြားမှုဖြစ်ပါတယ်။

အမေရိကန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအားလုံးရဲ့ စုစုပေါင်း ပွဲကြည့်ပရိသတ်ဟာ ၃၅၈၇၅၃၈ ဦးဖြစ်လို့ တစ်ပွဲချင်းပျမ်းမျှ ပရိသတ် ၆၈၉၉၁ဦး လာရောက်ကြည့်ရှုတာဟာ ကမ္ဘာ့ဖလား ဘောလုံးပွဲသမိုင်းမှာတော့ ပရိသတ်အများဆုံး လာရောက်ကြည့်ရှုအားပေးမှုပဲ ဖြစ်ပါတယ်။

ကမ္ဘာကျော်

ဗိုလ်စွဲခဲ့တဲ့ ဘရာဇီးအသင်းရဲ့ နည်းပြအယ်ဘာတိုပရဲရား၊ တိုက်စစ်မှူး ရိုမာရီယို၊ ဆီးလ်ဗားနဲ့ ဒွန်ဂါတို့လည်း အမေရိကန် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အပြီးမှာ ကမ္ဘာကျော်တွေ ဖြစ်ခဲ့ကြပါတယ်။ ။

ကိုးကား-အင်တာနက်

၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ လေးကြိမ်မြောက် ကမ္ဘာ့ဖလားကို သိမ်းပိုက်နိုင်ခဲ့သည့် ဘရာဇီးဘောလုံးသမားများ ကမ္ဘာ့ဖလားကိုပိုက်ပြီး အိမ်ပြန်နိုင်ခဲ့ကြသည်။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၁၃

ကလပ်အသင်းများ စစ်တုရင်ပြိုင်ပွဲ ငွေဆောင်၌ ကျင်းပ

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်နှင့် Sunny Paradisc Resort ဟိုတယ်တို့မှ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် ကလပ်အသင်းများ စစ်တုရင်ပြိုင်ပွဲကို ငွေဆောင် အပန်းဖြေစခန်းရှိ Sunny Paradisc Resort ဟိုတယ်တွင် မေ ၅ရက်မှ ၈ရက်အထိ ကျင်းပရာ ပထမ T Home ကလပ်အသင်း၊ ဒုတိယ Boss ကလပ်အသင်း၊ တတိယ ဘော်ဒါကြီး ကလပ်အသင်း၊ စတုတ္ထနှောင်ရိုးကလပ်အသင်းတို့မှ ဆုများအသီးသီးရရှိကြသည်။ ကလပ်အသင်းများ စစ်တုရင်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် စစ်တုရင် အားကစားသမားများပါဝင်ခဲ့ပြီး ပထမရရှိသော T Home ကလပ်အသင်းတွင် မျိုးကျော်လှိုင်၊ ဇော်ဦး၊ ကျော်ကျော်စိုး၊ မျိုးဇော်မင်းတို့ ပါဝင်ကြသည်။

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ခင်းကျင်းရောင်းချမည်

အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို တစုတဝေးတည်း ခင်းကျင်းပြသမည့် အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ (၂၀၁၀)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၇ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဗိသုကာအသင်းဆွေးနွေးပွဲ တက်ရောက်နိုင်

မြန်မာနိုင်ငံဗိသုကာအသင်းမှကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ(လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room ၌ မေ ၁၅ရက်(စနေနေ့) ညနေ ၃နာရီခွဲတွင်ကျင်းပမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၉-၈၇-၆၃၅၀၀နှင့် ၀၁-၇၂၃၁၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

တက္ကသိုလ် မောင်သုလှိုင်၏ ပုဂံမင်းဆက်များရာဇဝင်ဖြန့်ချိ

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ပထမမြန်မာနိုင်ငံတော် ပုဂံမြို့ဟောင်းတွင် ထီးနန်းစိုးစံခဲ့သော ပုဂံမင်းအဆက်ဆက်တို့၏ စွမ်းဆောင်ရည်များနှင့် အတ္ထုပ္ပတ္တိတို့ကို စုစည်းရေးသားဖော်ပြထားသည့် တက္ကသိုလ်မောင်သုလှိုင်၏ ပုဂံမင်းဆက်များ ရာဇဝင် စာအုပ်ကို ရွှေမြန်မာစာပေမှ ထုတ်ဝေဖြန့်ချိထားသည်။

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

ဂျီတီအိုင်ကျောင်းသားဟောင်းများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ တောင်ဥက္ကလာဂေါက်ကွင်း၌ မေ ၁၅ရက်(စနေနေ့)နံနက် ၁၀နာရီတွင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများ ဖုန်း-၅၁၉၈၆၃သို့ ဆက်သွယ် စာရင်းပေးနိုင်သည်။

သက်တန်းအလိုက် စစ်တုရင်ပြိုင်ပွဲကျင်းပမည်

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် PIEC တို့ ပူးပေါင်းကျင်းပမည့် သက်တန်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို မေ ၁၇ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အောင်မြေသာစည်အိမ်ရာ အောင်ချမ်းသာ ၄လမ်းရှိ PIEC ၌ ကျင်းပမည်ဖြစ်သည်။

သုခမစက်ရုပ် ဂီတာသံစဉ်များထွက်ရှိ

လေးဇီးကလပ်တီးဝိုင်းမှ ဂီတာသမားဖြစ်သူ နိုင်ဇော်၏ တတိယမြောက်ဂီတာသံစဉ်များဖြစ်သည့် သုခမစက်ရုပ်ကို တိပ်၊ စီဒီများဖြင့် ဂီတာဝါသနာရှင် လူငယ်များအတွက် လေ့လာနိုင်ရန် ထွက်ရှိနေပြီဖြစ်သည်။

မျှော်စင်ကျွန်း၌ ဂီတဖျော်ဖြေပွဲတင်ဆက်မည်

ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်း၌ မေ ၁၅ရက်(စနေနေ့) ညနေ ၆နာရီခွဲတွင် Yum Yum Music Tour ဂီတဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်ရာ Metal Zone တီးဝိုင်းနှင့် တွဲဖက်၍ နာမည်ကြီးအဆိုတော်များက ဖျော်ဖြေမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

14-5 (11).pmd 1 5/14/2010, 1:35 AM

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ်(၁) စောတေလိန်း၊ ဦးလူနီလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁၀-၄-၂၀၁၀ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ၁၅-၄-၂၀၁၀ ရက်နေ့တွင် ယင်းပါတီ၏အလံအား ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်)မှ ကန့်ကွက်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင်လည်း ယင်းအလံကို ဆက်လက်အသုံးပြုရန်မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီအလံကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ပါ၍ **ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်**က ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ အလံပုံစံ

ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ရပ်ကွက်(၃)၊ တော်ဝင်လမ်း၊ အမှတ်(၅၁)တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်ပြည်သူ့ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၂-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကရင်ပြည်သူ့ပါတီ၏ အလံပုံစံ

ကရင်ပြည်သူ့ပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက် (၁)၊ နယ်မြေ (၂)၊ ဗျူဟာလမ်း၊ အမှတ်(၁၇)တွင် ပါတီရုံးချုပ် တည်ရှိသော **“ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၂-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

“ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၏ အလံပုံစံ



“ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဘိုးဘွားရိပ်သာသို့ လှူဒါန်း

မန္တလေးတိုင်း မြင်းခြံမြို့ ဗိုလ်ချုပ်လမ်း (၁၁)ရပ်ကွက်နေ မိခင်ကြီး ဒေါ်တင်တင် နှစ်နှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေး၊ မြစ်တစ်စုတို့က ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး သင်တန်းများ (အဝေးသင်)ဖွင့်မည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်မှ ကြီးမှူး၍ အထွေထွေရောဂါကု ဆရာဝန်များအတွက် CME for Accreditation ကိုရည်ရွယ်၍ အထွေထွေရောဂါကု ဆရာဝန်များတွင် အတွေ့များသောရောဂါများကုထုံးသင်တန်း (Common Clinical Problems for GPs)၊ ရောဂါရှာဖွေရေးလုပ်ငန်းစဉ်နည်းလမ်းများသင်တန်း (Diagnostic Medical-Surgical Procedure Course)၊ အရေးပေါ်ရောဂါများကုထုံးသင်တန်း (Emergency Management Course)၊ ပြည်သူ့ကျန်းမာရေး၊ မိသားစုကျန်းမာရေးနှင့် သုတေသနသင်တန်း (Public Health, Family Medicine and Research Course) စသည့်သင်တန်းလေးခုကို အဝေးသင်သင်တန်း (Distance Learning Medical Education Program) အဖြစ် မေ ၁၇ရက်မှ တစ်နှစ်ပတ်လုံး ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ သင်တန်းတစ်ခုစီ၏ ကြာမြင့်ချိန်မှာ လေးလဖြစ်ပြီး သင်တန်းတစ်ခုပြီးဆုံးမှ နောက်သင်တန်းတစ်ခုကို တက်ရောက်နိုင်မည်ဖြစ်ပါကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်ထားသောသင်တန်းကြေးနှင့် သင်တန်းဝင်ခွင့်ပုံစံကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ငွေပို့လွှာဖြင့်ဖြစ်စေ စာတိုက်မှတစ်ဆင့် ပေးသွင်းဖြည့်စွက်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ပေးသွင်းပြီး သင်တန်းတက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၈၈၆၃၊ ၃၉၄၁၄၁၊ ၃၈၀၈၉၉၊ လိုင်းခွဲ (၁၁၆)သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြတ်ရင်ခွင်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ ငွေရတုအကြို အထိမ်းအမှတ်အဖြစ် မြတ်ရင်ခွင်မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ခရမ်းမြို့ အာစရိယပူဇော်ပွဲကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့သည် မြတ်ဆရာ၏ ပညာရင်ခွင်ကို မြတ်ရင်ခွင်ဟု ဂုဏ်ယူကင်ပွန်းတပ်၍ ကန်တော့ခံဆရာ၊ ဆရာမကြီးတို့နှင့်တကွ ကန်တော့ပွဲ၏ သမိုင်းစဉ်ကို တပည့်များက စာပန်းချီခြယ်မှုန်းထားသည်။ ထို့ပြင် ခရမ်းမြို့နယ်၏ ပညာ၊ စီးပွား၊ လူမှုဘဝအစုံ ကြေးမုံပြင်တို့ကို ဂုဏ်တင်ဖွဲ့ဆိုနိုင်ရန်အတွက် ဤကဲ့သို့ မဂ္ဂဇင်းတစ်စောင်ကို တက်ညီလက်ညီ ကြိုးပမ်းထုတ်ဝေကြခြင်းဖြစ်သည်။

မဂ္ဂဇင်းကို ဦးမြင့်ဆွေ (မြင့်မိုရ်ဆွေ)က တာဝန်ယူစီစဉ်ပြီး မြင့်သိင်္ဂီပုံနှိပ်တိုက်မှ စာရိုက်နှိပ်၍ ထုတ်ဝေသူအဖြစ် ဦးစောဝင်း ဥက္ကဋ္ဌ မြို့နယ်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီကထုတ်ဝေကာ တစ်ပြည်လုံးဖြန့်ချိရေးကို မြန်မာမြင့်စာပေက ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာအေးလမ်း၊ အမှတ် ၁၀ နေ
(ဦးတင်ထွန်းအောင်၊ မြန်မာ့လေကြောင်း၊ ငြိမ်း)-ဒေါ်သိန်းအေး တို့၏သားကြီး

ဗိုလ်ကြီး ဖြိုးဝေထွန်း

(ယာယီတပ်ခွဲမှူး ဗိုလ်မှူး)၊ B.A (History)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ် ၂၀/က နေ
ဒုတိယဗိုလ်မှူးကြီး ခင်ဇော်(ငြိမ်း)-ဒေါ်ဝင်းမြင့်သိန်း တို့၏သမီးကြီး

မမေဇော်ဦး

B.A (Hons),M.A (Myanmar)

တို့၏ ၁၀-၅-၂၀၁၀ရက်တွင် မင်းကွန်းတိပိဋကဓရ ရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးထင်လင်းကျော်၊ မင်္ဂလာပန်းကြဲပေး ပါသော မနွေးအိဇော်၊ မင်္ဂလာပန်းဖန်းနှင့် မင်္ဂလာအောင်လက်စွပ်ဖန်းကိုင်ဆောင်ပေးပါသော မယဉ်စံပယ်ထွန်းနှင့် မနှင်းဝတ်ရည်လှိုင်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးမင်းခန့်နှင့် ဗိုလ်ကြီးဖြိုးဝေဇော်၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးပါသော မပိုးသဇင်မြင့်ဌေးနှင့် မချမ်းငြိမ်းသူ၊ မင်္ဂလာအခါတော်ပေး သီချင်း သီဆိုပေးသော စိမ်းမို့မို့နှင့် ACES တေးဂီတအဖွဲ့၊ မိတ်ကပ်၊ ဆံပင်နှင့် မင်္ဂလာဝတ်စုံ ဆင်ယင်ပေးသော ကိုဝင်းမြင့်နှင့်အဖွဲ့၊ ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးသော Photo Magic၊ ပန်းအလှဆင်ယင်ပေးသော ကိုခင်မောင် ဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ ၁၀-၅-၂၀၁၀ရက်ညတွင် ရွှေဘဲစားတော်ဆက်(ရမိုင်)၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဖြိုးဝေထွန်း-မမေဇော်ဦး။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပြည်မြို့နေ (ဦးတင်မောင်)-ဒေါ်ထွေး၊ ဦးထွန်းရွှေ-ဒေါ်ဝိုင်းရင်တို့၏ မြေး၊
မိတ္ထီလာမြို့၊ ပြည်သာယာ (၅/၆)လမ်း၊ မြသရဖူခြံနေ
အရာခံဗိုလ်သန်းစိုး-ဒေါ်တင်စိန် (ခ) ဒေါ်တင်ဝေ (သုခထီလာ အထူးကုဆေးခန်း)
တို့၏ သားငယ်
ဦးရန်ပိုင်စိုး Director (Htoo Paing Wai Travel and Tourism Co.,Ltd.)၏ညီ

မောင်ထူးအံ့သူ

B.C.Sc, M.B.A

Director (Htoo Paing Wai Construction Co.,Ltd.)

နှင့်

ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးအောင်ထွန်းသိန်း(ငြိမ်း)-(ဒေါ်ခင်မြကြည်)
လားရှိုးမြို့၊ ရပ်ကွက် (၁၂)နေ ဦးမောင်လှ-ဒေါ်နန်းခမ်းလှိုင် တို့၏ မြေး
ဦးနေလင်းဦး-ဒေါ်နန်းအေးခေါင် တို့၏သမီး

နန်းစုလင်းဖြိုး

B.C Tech (Q)

တို့၏ ၈-၅-၂၀၁၀ ရက် (စနေနေ့)တွင် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာ ဧည့်ခံပွဲသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)နှင့် ဇနီး စွမ်းအင်ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်သန်းညွန့်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးပါသော သိန်းချမ်းလွင် ကုမ္ပဏီမှ ဦးစံထွေးနှင့်ဇနီး ဒေါ်ခင်သန်းနုတို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမြင့်နှင့် ဗိုလ်မှူးကြီး နေဦးတို့အားလည်းကောင်း၊ ဗိုလ်မှူးချုပ်သန်းလွင်နှင့်ဇနီး ဒေါ်ရွှေမိတို့အား လည်းကောင်း၊ ဗိုလ်မှူးချုပ်ထွန်းထွန်း ၏ ဇနီး ဒေါ်ရီရီဝင်းအားလည်းကောင်း၊ ဗိုလ်မှူးချုပ်မျိုးမြင့်သိန်းနှင့် ဇနီး ဒေါ်အမာနီတို့အားလည်းကောင်း၊ ပခုက္ကူ ရောဝတီ မြစ်ကူးတံတား စီမံကိန်းမှ အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးအားလည်းကောင်း၊ ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၇) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ချစ်နှင့် ဇနီး ဒေါ်ခင်သူဇာတို့အား လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း စီမံကိန်းမှ လမ်း/တံတား လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ များအားလည်းကောင်း၊ အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၅)မှ ချစ်သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ် မခင်မြင့်မြတ်မူ၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ပေးပါသော မပြည့်စုံအေးနှင့် မဖြူပြာကြည်တို့အားလည်းကောင်း၊ လက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးပါသော မန္တလေးမြို့ ဟောင်ကောင်စိန်တိုက်မှ ဒေါက်တာထွန်းထွန်းအောင် (Pacific Asia Hited Co.,Ltd.) ဇနီး ဒေါ်ထားထားနိုင်တို့အားလည်းကောင်း၊ ပန်းအလှပြင် ဒေါ်ဝင်းဝင်းကြွယ်နှင့်အဖွဲ့၊ မိတ်ကပ်အလှပြင် မသင်း သင်းအေးတို့အားလည်းကောင်း၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်း တင်မြတ်ကို(ထီလာမြေ)နှင့်အဖွဲ့အားလည်းကောင်း၊ သတို့သားအရံ မောင်ချမ်းမြေ့အောင်နှင့် မောင်သူရထွန်း၊ သတို့သမီးအရံ နန်းအွမ်ခမ်းနှင့် နန်းဆိုင်ဝင်းပေါင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော တေးသံရှင် ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး တေးသီချင်း သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် မန္တလေးမြို့မ တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော မြို့မိမြို့ဖ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ များအား လည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဝန်ထမ်း များအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထူးအံ့သူ-နန်းစုလင်းဖြိုး။

လူမှုဒုက္ခ ဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဦးလှကျော်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန)-
ဒေါ်သန်းသန်းဌေး(လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး)တို့၏သားကြီး

ဗိုလ်ကြီးလင်းထက်ဦး

B.Sc (D.S.A), M.Sc (Physics)

နှင့်

မြစ်ကြီးနားမြို့နေ
ဦးဇော်ဖေသိန်း-ဒေါ်ရီရီဆွေ(မေတ္တာရွှေဆိုင်နှင့် ရွှေပန်းထိမ်)
တို့၏သမီးကြီး

မဖြူပြာသိန်း(ခ) ဖူးငုံ

(LL.B) အထက်တန်းရှေ့နေ

တို့၏ ၉-၅-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်း၊ ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးပါသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၏ဇနီး ဒေါ်တင်တင်လတ် တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါ သော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်သက်ဝါတို့အားလည်းကောင်း၊ မင်္ဂလာပွဲအတွက် မေတ္တာဖြင့်ကူညီပေးသော မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဇနီးဒေါ်ခင်မာဦး၊ အထွေထွေမန်နေဂျာဦးကြည်အေးနှင့် မြန်မာ့မီးရထားမှ မိတ်ဆွေများနှင့် ဝန်ထမ်းများ၊ မင်္ဂလာပန်းကြဲ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင် မထက်ထက်အောင်၊ မစန္ဒာချမ်းနှင့် မခင်ချိုဝင်း၊ သတို့သား သတို့ သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးအောင်စည်သူအေးနှင့် မမေသကြ်န်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်သီချင်း သီဆိုပေးပါသော ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီများရှင် ချိုပြုံးနှင့် The Aces တေးဂီတအဖွဲ့၊ မေတ္တာဖြင့် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဓာတ်ပုံမောင်မောင်ညှပ်နှင့်အဖွဲ့၊ မိတ်ကပ် နှင့် ဆံပင်အလှပြင် ခင်စန်းဝင်းနှင့် ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာ ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ အားလည်းကောင်း၊ ၁-၅-၂၀၁၀ရက်(စနေနေ့)တွင် မြစ်ကြီးနားမြို့ ရွှေပြည်စံခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲ၌ အဘက်ဘက်မှ အကူအညီပေးခဲ့ကြသော ဌာနဆိုင်ရာများနှင့် မိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲများသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် အဘက်ဘက်မှ ကူညီပေး ခဲ့ကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးလင်းထက်ဦး-မဖြူပြာသိန်း(ခ)ဖူးငုံ။

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

အမည်ပြောင်းနှင့် မိဘအမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၁၀) စတုတ္ထတန်း(ခ)မှ မောင်ဝင်းကိုအား မောင်ထက်ကိုကို ဟုလည်းကောင်း၊ ပထမတန်း(က) မှ မောင်ညီညီစနိုးအား မောင်စိုင်း ညီညီဟုလည်းကောင်း ပြောင်းလဲ ခေါ်ပါရန်နှင့် ၎င်းတို့၏ မိဘအမည် မှန်မှာ ဦးလှဝင်း ၁၂/ဥပဟန(နိုင်) ၀၀၇၇၃၂နှင့် ဒေါ်နီနီဝင်း ၁၂/ကခက (နိုင်)၀၉၃၄၈၂ ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

မသင်းသင်းစိုး ၇/တငန(နိုင်) ၁၁၀၅၇၆နှင့် သင်းနွယ်ဖြူ ၇/ကပက (နိုင်)၀၆၃၈၀၄ တို့၏ မှတ်ပုံတင် မူရင်းကတ်ပြား နှစ်ခု၊ TOSHIBA Memory Stick 8 GB အမည်း ရောင်တို့ ပါဝင်သော မီးခိုးရောင် လက်ကိုင်အိတ်တစ်လုံး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ MICT Park သို့ လာသောလမ်းတွင် ၁၂-၅-၂၀၁၀ ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ **ဖုန်း-၆၅၂၂၆၇၊၆၅၂၂၆၈၊ ၅၈၄၁၉၃။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုင်းရှဲန်းတစ်(ပ်)၏ နိုင်ငံကူးလက်မှတ် A-384799 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၂၁၄၈၇၇(၄၁၀)။

အမည်ပြောင်း

အဖ ဦးသန်းအောင်၏သား အလက(၄)၊ မင်္ဂလာဒုံ တတိယတန်း (ဘီ)မှ မောင်ဝေယံလင်းအား မောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲ ခေါ်ပါရန်။**မောင်အောင်ကောင်းမြတ်။**

ကျေးလက် ကျောက်ချောလမ်းခင်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

တောင်တွင်းကြီး မေ ၁၃

တောင်တွင်းကြီးမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် တရုတ် ကော ကျေးရွာအုပ်စု ကွမ်းခြံစု ကျေးရွာသွားလမ်းပေ ၆၀၀ အရှည်ရှိ ကျေးလက် ကျောက်ချောလမ်းကို ကျပ် ၃၁၈၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မေ ၈ရက် က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းအောင် တို့ သွားရောက်စစ်ဆေးကြောင်း သိရ သည်။ (မြို့နယ် ပြန်/ဆက်)

ပန်းအလှထိန်းသိမ်း

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသော ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် မြို့တွင်း ပန်းအလှ ပင်များ ထိန်းသိမ်းထားရှိမှုကို ဧပြီ ၂၆ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးတင် ကိုကိုတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ကမ္ဘာ့နံပါတ်တစ်နေရာ တိုက်ဂါးဝုဒ် ဖယ်ပေးရတော့မှာလား ....

ရေးသူ-အာကာကျော် — စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

နယူးယောက် မေ ၁၃

ဂေါက်သီးအားကစားအကြောင်း၊ ဂေါက်သီးသမိုင်းအကြောင်းပြောကြမည်ဆိုလျှင် တိုက်ဂါးဝုဒ် မပါလျှင်မပြီး။ တိုက်ဂါးဝုဒ်သာလျှင် ဂေါက်သီးဘုရင်၊ တိုက်ဂါးဝုဒ်သာလျှင် ဂေါက်သီးအကျော်အမော်ဖြစ်ခဲ့ရသည်။ ကျော်လောက်အောင်လည်း ကမ္ဘာ့အရပ်ရပ်က အဓိကပြိုင်ပွဲကြီးတိုင်းမှာ အနိုင်ရ ဖိုလ်စွဲခဲ့သည်။



ယခုတော့ တိုက်ဂါးဝုဒ်၏ တစ်ခေတ်ကုန်တော့မည်လားလို့ အောက်မေ့မိသည်။ သူသည် လူမှုရေးပြဿနာ ရှုပ်ထွေးခဲ့မှုကြောင့် ဆောက်တည်ရာမရအောင် စိတ်မတည်မငြိမ်ဖြစ်ခဲ့ပြီး ဂေါက်သီးကစားခြင်းမှ ငါးလကြာ အနားယူခဲ့ရသည်။

ခြိမ်းခြောက်

တိုက်ဂါးဝုဒ်သည် ယခုအခါ ဂေါက်သီးပြန်လည်ကစားနေပြီဖြစ်သော်လည်း ဂေါက်သီးရိုက် စွမ်းရည်ကျဆင်းမှုကြောင့် ဆုဖလားများနှင့် ဝေးခဲ့ရသည့်အပြင် ကမ္ဘာ့ နံပါတ်တစ်နေရာကိုလည်း အခြားဂေါက်သီး ကစားသမားတစ်ဦးက လွှဲပြောင်းယူမည့် အနေအထားရှိနေသည်။ ဖလော်ရီဒါ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပလေယာ ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ် တစ်နေရာကို ခြိမ်းခြောက်ခံနေရပြီဖြစ်ကြောင်း တိုက်ဂါးဝုဒ်က ဝန်ခံပြောကြားခဲ့သည်။

နောင်တ

တိုက်ဂါးဝုဒ်နှင့် ကာလအတန်ကြာ ပြိုင်ဘက်ဖြစ်ခဲ့သော တစ်နိုင်ငံတည်းသား ဖီးလ်မစ်ကယ်လ်ဆန်သည် ဆောဂရက် ချန်ပီယံရှစ်ပြိုင်ပွဲ အနိုင်ရဖိုလ်စွဲခဲ့လျှင် တိုက်ဂါးဝုဒ်၏ ကမ္ဘာ့နံပါတ်တစ်နေရာကို လွှဲပြောင်းယူရန် သေချာနေပြီဖြစ်သည်။ သူသည် ကွိုင်ဟော်လို ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း နောင်တရမိကြောင်း တိုက်ဂါးဝုဒ်က ပြောကြားသည်။

ကမ္ဘာကျော်တိုက်ဂါးဝုဒ်သည် ကမ္ဘာ့နံပါတ်တစ်နေရာကို သီတင်းပတ်ပေါင်း ၂၅၈ပတ် ကြာအောင် စိုးမိုးထားနိုင်ခဲ့သည်။တိုက်ဂါးဝုဒ်သည် ကမ္ဘာ့နံပါတ်တစ်ဂေါက်သီးကစားသမားဘဝကို အကြာဆုံး ထိန်းထားနိုင်သူလည်းဖြစ်သည်။ သို့သော်လည်း ကယ်လီဖိုးနီးယားပြည်နယ်သား ဖီးလ်မစ်ကယ်လ်ဆန်သည် ဂေါက်သီးရိုက်လက်ရည်တက်လာပြီး ဧပြီလအတွင်း မာစတာဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့သည်။ ပြိုင်ပွဲများတွင် ရိုက်ချက်များ အလွဲလွဲအချော်ချော်ဖြစ်နေ၍ အလွန်စိတ်ညစ်နေကြောင်း၊ လွန်ခဲ့သော သုံးနှစ်က ကွယ်လွန်သွားသော ဖခင်ကို သတိရမိကြောင်း တိုက်ဂါးဝုဒ်က ဖွင့်ဟပြောကြားသည်။

တိုက်ဂါးဝုဒ်သည် ပြိုင်ပွဲများတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကြောင့် ရိုက်ချက်များ လွဲချော်ကာ ဆုဖလားများ လက်လွှတ်ခဲ့ရချိန်၌ မေ ၉ရက်က လည်ပင်း ထိခိုက်နာကျင်မှုကြောင့် ချန်ပီယံရှစ်ပြိုင်ပွဲမှ ပြန်ခဲ့ရပြန်ပြီဖြစ်သည်။ လည်ပင်းဒဏ်ရာမှာ နိုဝင်ဘာလအတွင်းက ဖြစ်ခဲ့သည့် ယာဉ်တိုက်မှုနှင့် ဆက်နွှယ်မှု မရှိကြောင်း တိုက်ဂါးဝုဒ်က ပြောကြားသည်။

တိုက်ဂါးဝုဒ်က လာမည့်ပြိုင်ပွဲများနှင့် ယူအက်စ်အိုးပင်းဖလားကို ကာကွယ်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ဆွတ်ခူး

အသက် ၃၄နှစ်ရှိ တိုက်ဂါးဝုဒ်သည် ဂရင်းဆလမ်ဖလားကြီး ၁၄လုံးအထိ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ၄င်းသည် ကမ္ဘာ့ပြိုင်ပွဲကြီးများတွင် ဆုဖလား အများဆုံး ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။ တိုက်ဂါးဝုဒ်သည် ၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၇ရက်က ဖလော်ရီဒါမြို့ရှိ နေအိမ်အပြင်ဘက်၌ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သည်။

လက်လွှတ်

တိုက်ဂါးဝုဒ်သည် နိုဝင်ဘာလအတွင်းက လူမှုရေး ပြဿနာကြောင့် အနားယူပြီးနောက် လက်ရည်ကျဆင်းမှုကြောင့် အဓိကဖလားများနှင့် လွဲချော်ခဲ့ရသည့်အပြင် ကမ္ဘာကျော် ဂေါက်သီးကစားသမားအဖြစ်မှ မေးမှိန်ရတော့မည့် အခြေအနေများကြောင့် တိုက်ဂါးဝုဒ်သည် ကမ္ဘာ့နံပါတ်(၁) နေရာကို လက်လွှတ်ရတော့မည်လားဟု စဉ်းစားတွေးတောမိပါကြောင်း။ ။

ကိုးကား-အင်တာနက်

လာမည့်ရာသီဖလား ပြန်ယူမည် မန်ယူနည်းပြ ဖာဂူဆန်ပြောကြား

လန်ဒန် မေ ၁၃

လာမည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားကို ပြန်လည်ရယူရန် သန္နိဋ္ဌာန်ချထားကြောင်း မန်ယူနည်းပြဖာဂူဆန်က ပြောကြားသည်။

အဆုံးသတ်

မန်ယူတို့ ပရီမီယာလိဂ်ရာသီ ပွဲသိမ်းကစားခဲ့ပြီးနောက် လေးနှစ်ဆက်တိုက် ဖိုလ်စွဲရန် ကြိုးစားမှုမှာ အဆုံးသတ်ခဲ့ရပြီဖြစ်သည်။

ခြေစွမ်းရှိနေဆဲ

မိမိအသင်းသည် လာမည့်ရာသီအတွင်း ပရီမီယာလိဂ်ဖလားအပါအဝင် ဖလားများ ဆွတ်ခူးနိုင်သည့် ခြေစွမ်းရှိနေဆဲဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

ဆွတ်ခူးနိုင်

ချယ်လ်ဆီးအသင်းသည် နောက်ဆုံးပွဲစဉ်တွင် ဝီဂန်အသင်းကို ရှစ်ဂိုး-ဂိုးမရှိ သွင်းယူပြီး ၂၀၀၆ခုနှစ်နောက်ပိုင်း၌ ပထမဆုံးပရီမီယာလိဂ်ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)

ကမ္ဘာ့ဖလားကစားမည့် အင်္ဂလန်အသင်း၌ လီဗာပူးမှ ကာရေဂါ ပါဝင်နိုင်ဖွယ်ရှိ

လန်ဒန် မေ ၁၃

လီဗာပူးနောက်တန်းကစားသမား ကာရေဂါသည် ဇွန်လအတွင်း တောင်အာဖရိကသို့ ကမ္ဘာ့ဖလားကစားရန် သွားရောက်မည့် အင်္ဂလန်အသင်းတွင် ပါဝင်နိုင်ဖွယ်ရှိကြောင်း ကာပယ်လိုက ပြောကြားသည်။

အနားယူ

အသက် ၃၂နှစ်ရှိ ကာရေဂါသည် ယူရို ၂၀၀၄တွင် လည်းကောင်း၊ ၂၀၀၆ ကမ္ဘာ့ဖလားတွင်လည်းကောင်း အင်္ဂလန်အသင်းအတွက် ပါဝင်ကစားပေးခဲ့သည်။ သို့သော် ၂၀၀၇ခုနှစ်တွင် နိုင်ငံ့လက်ရွေးစင်အဖြစ်မှ အနားယူခဲ့သည်။

ပြင်ဆင်

ကာပယ်လိုသည် ဖူလ်ဟမ်မှ ဇာမိုရာ၊ မန်စီးတီးမှ အဒမ်ဂျွန်ဆင်တို့ကိုလည်း အင်္ဂလန်အသင်းအတွက်ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။ **(အင်တာနက်)**

ချယ်လ်ဆီး၌ ကြာကြာနေဦးမည်ဟု နည်းပြအန်ဆယ်လော့တီ ဖွင့်ဟပြောကြား



လန်ဒန် မေ ၁၃

မိမိအနေဖြင့် ချယ်လ်ဆီးကို ကိုင်တွယ်သည့် ပထမနှစ်မှာပင် ဖလားဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် နောင်နှစ်များစွာကြာအောင် ချယ်လ်ဆီးနှင့်အတူ ဖလားများ ဆွတ်ခူးနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း နည်းပြ အန်ဆယ်လော့တီက ပြောကြားသည်။

စာချုပ်ချုပ်ဆို

အန်ဆယ်လော့တီသည် ပြီးခဲ့သော နွေရာသီက စီးရီးအေကလပ် အေစီမီလန်မှ ပြောင်းရွှေ့လာကာ ချယ်လ်ဆီးနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုထားသည်။

ထပ်မံရနိုင်

မိမိ၏ချယ်လ်ဆီးအသင်းသည် ကစားသမား၂၈ဦးရှိကြောင်း၊ အများစုမှာ အသက် ၂၇နှစ် ဝန်းကျင်ရှိကြကြောင်း၊ အသက်ငယ်ရွယ်သေးသဖြင့် ကစားအားကောင်း၍ ဖလားများ ထပ်မံရယူနိုင်လိမ့်မည်ဖြစ်ကြောင်း ၄င်းကပြောကြားသည်။

(အင်တာနက်)

မြင့်မောင်စိုး
စုစည်းသည်

ရွန်နီဒဏ်ရာရနေသော်လည်း ကမ္ဘာ့ဖလား၌ ပါဝင်နိုင်မည်ဟုဆို

လန်ဒန် မေ ၁၃

တိုက်စစ်မှူး ရွန်နီသည် ကမ္ဘာ့ဖလားအတွက် အင်္ဂလန်အသင်း၏ ပဏာမ လူ၃၀ ရွေးချယ်စာရင်းတွင် ပါဝင်လိမ့်မည်ဟု မျှော်လင့်ကြောင်း နည်းပြကာပယ်လိုက ပြောကြားသည်။

ကစားပေးနိုင်

ရွန်နီသည် စတုတ်စီးတီးနှင့် ကစားခဲ့စဉ် ပေါင်ခြံ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ယင်းဒဏ်ရာမှာ ပြင်းထန်မှုမရှိကြောင်း၊ လာမည့်ကမ္ဘာ့ဖလား၌ အင်္ဂလန်အသင်းအတွက် ကစားပေးနိုင်လိမ့်မည်ဖြစ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားသည်။

အင်္ဂလန်အသင်းသည် မေ ၂၄ ရက်တွင် ဝင်ဘာလေကွင်း၌ မက္ကဆီကိုအသင်းနှင့် လည်းကောင်း၊ မေ ၃၀ ရက်တွင် ဩစတြီးယား၌ ဂျပန်အသင်းနှင့်လည်းကောင်း ချစ်ကြည်ရေးကစားရန်ရှိသည်။ ကာပယ်လိုက ဇွန် ၁ ရက်တွင် အင်္ဂလန်အသင်း၂၃ ဦးစာရင်းကို ကြေညာမည်ဖြစ်သည်။

(အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

အက်စ်တွန်ဗီလာအား အိုနေးလ် ဆက်လက်နည်းပြမည်

အက်စ်တွန်ဗီလာအသင်းနည်းပြ မြောက်အိုင်ယာလန်နိုင်ငံသား မာတင်အိုနေးလ်က ၄င်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် အက်စ်တွန်ဗီလာအသင်းကို ဆက်လက် ကိုင်တွယ်နည်းပြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖီဂွိုရိုအာအား ဝီဂန်က ဆန်းဒါးလန်းထက် ဦးအောင်ခေါ်ယူဖွယ်ရှိ

ဆန်းဒါးလန်းနည်းပြ စတီဘရုစ်ခေါ်ယူလိုသော ဟွန်ဒူးရပ်စ် ဘယ်နောက်ခံကစားသမားမေနော်ဖီဂွိုရိုအာအား ဝီဂန်က ပေါင်ရှစ်သန်းဖြင့် လက်ဦးမှုရယူကာ စာချုပ်ခေါ်ယူဖွယ်ရှိသည်။

မက်ဒရစ်အိုးပင်းတင်းနစ် အဖွင့်ပွဲစဉ်တွင် မာရေး အနိုင်ကစားမည်

ဗြိတိသျှတင်းနစ်အကျော်အမော် အန်ဒီမာရေးသည် မေလ ၁၀ရက်မှစတင်ကာ စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပလျက်ရှိသည့် မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၄င်း၏ ပွဲဦးထွက် ပွဲစဉ်တွင် ပါဘလိုကူးဗက်စ်နှင့် ယှဉ်ပြိုင်ရမည့် ပွဲစဉ်၌ အနိုင်ရအောင် ကစားမည်ဟု ဆိုသည်။

ပြင်သစ်နည်းပြဖြစ်လာရန် လောရင့်ဘလန့် အလားအလာကောင်း

တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပြီးနောက် ပြင်သစ်အသင်းဘော်ဒိုးနည်းပြ လောရင့်ဘလန့်သည် ပြင်သစ်လက်ရွေးစင်အသင်းနည်းပြဖြစ်လာရန် အလားအလာ အကောင်းဆုံးအနေအထားတွင် ရှိနေကြောင်း၊ လက်ရှိနည်းပြရေမွန်ဒိုမီနက်ချ်သည် တောင်အာဖရိကကမ္ဘာ့ဖလားပြိုင်ပွဲဝင် ပြင်သစ်လက်ရွေးစင်အသင်းအား နည်းပြပြီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပြီးလျှင် နည်းပြအဖြစ်မှ အနားယူဖွယ်ရှိကြောင်း ဖော်ပြသည်။

ဘော်လ်တန်မှ ထွက်ခွာချိန်တန်ပြီဟု ကာဟေးလ် ဖွင့်ဟ

ဘော်လ်တန်ခံစစ်မှူး ဂါရီကာဟေးလ်က ၄င်းအနေဖြင့်အသင်းမှ ထွက်ခွာချိန်တန်ပြီဟု ဖွင့်ဟပြောကြားခဲ့ကြောင်း ၄င်းအား မန်ယူ၊ မန်စီးတီး၊ အာဆင်နယ်နှင့် လီဗာပူးတို့က စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေကြသည်။

တိုက်စစ်မှူး ဆူအာရက်ဇ် အာဆင်နယ်သို့ ရောက်ရှိဖွယ်

အေဂျက်စ်အသင်းမှ ဥရုဂွေးလက်ရွေးစင်အသင်းတိုက်စစ်မှူး လူးဝစ်ဆူအာရက်ဇ်သည် အာဆင်နယ်အသင်းသို့ ရောက်ရှိလာဖွယ်ရှိကြောင်း၊ ၄င်းအား အာဆင်နယ်က ပြောင်းရွှေ့ကြေးပေါင် ၂၂သန်းပေးကာ စာချုပ်ခေါ်ယူရန် စီစဉ်နေကြောင်း ဖော်ပြသည်။

အက်ရှ်လေယန်းအား စာချုပ်ခေါ်ယူရန် မန်စီးတီး ကမ်းလှမ်း

မန်စီးတီးအသင်းသည် အက်စ်တွန်ဗီလာတောင်ပံကစားသမား အက်ရှ်လေယန်းအား စာချုပ်ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေးပေါင် ၂၂သန်းပေး ကမ်းလှမ်းခဲ့ကြောင်း၊ ယင်းပြောင်းရွှေ့ကြေးသည် အက်ရှ်လေယန်းအား ထုတ်ရောင်းရန် နည်းပြမာတင်အိုနေးလ်အား တွန်းအားပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြသည်။

ဖလွိုက်မေဝဲသား မာတီနက်ဇ်နှင့်ထိုးသတ်ဖွယ်ရှိ

လက်ဝှေ့ကျော်ဖလွိုက်မေဝဲသားက လိုက်မစ်ဒယ်လ်ဝိတ်တန်းတွင် ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပတ်ကွီးင်အောနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်အစား ဆာဂျီယိုမာတီနက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်ဖွယ်ရှိကြောင်း ဖွင့်ဟပြောကြားသည်။

လိုက်ဝယ်လ်တာဝိတ် သရဖူ ကလိုစကီ ကာကွယ်မည်

ဗြိတိန်နိုင်ငံဘဲလ်ဖက်မြို့ ကီးန်ခန်းမ၌ လာမည့် ဇွန်၁၁ရက်တွင် လက်ဝှေ့သမား ပေါလ်မက်ကလိုစကီသည် စိန်ခေါ်သူပြိုင်ဘက် ဂီယူဆက်ပီလော်ရီအား အနိုင် ထိုးသတ်ကာ ၄င်း၏ ဥရောပလိုက်ဝယ်လ်တာဝိတ်သရဖူကို ကာကွယ်မည်ဟု ဆိုသည်။

ကြိုးဝိုင်းတွင်း ဂျိုးပြန်လာမည့်သတင်း မမှန်ဟု အန်ဇိုပြောကြား

စူပါမစ်ဒယ်လ်ဝိတ်နှင့် လိုက်ဟဲဗီးဝိတ်ချန်ပီယံအဖြစ် ၁၁နှစ်ကျော်မျှ လက်ဝှေ့လောကကို လွှမ်းမိုးထားပြီး ၄၆ပွဲစလုံး ရှုံးပွဲမရှိဘဲ လွန်ခဲ့သည့်နှစ်က လက်ဝှေ့လောကမှ အနားယူသွားသူ ဂျိုးကယ်လ်ဇာဂီ လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ပြန်လာမည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အကယ်၍ ပြန်လာမည်ဆိုပါက ဖခင်တစ်ယောက်အနေဖြင့် ဦးဆုံးသိရမည်ဖြစ်ကြောင်း ဂျိုး၏ ဖခင်လည်းဖြစ်ပြီး နည်းပြလည်းဖြစ်သူ အန်ဇိုကယ်လ်ဇာဂီက ပြောကြားသည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ သောက်သုံးရေ ရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ဒေသများ၌ သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ လှူဒါန်းဝေငှ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၃

သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ဒေသများ၌ နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေလုံလောက်စွာ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ငပုတောမြို့နယ်

ဧရာဝတီတိုင်း ငပုတောမြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ၊ ချောင်းဝကျေးရွာ၊ ပြင်ခရိုင်ကျေးရွာ၊ အလယ်သောင်ကျေးရွာ၊ သာယာချောင်းကျေးရွာ၊ ဘုန်းစိုးကြီးကျေးရွာ၊ အုတ်တွင်းကျေးရွာ၊ ကျောက်ကလပ်ကျေးရွာ၊ ဒီးဒုးကုန်းကျေးရွာ၊ ဘုရားလှကျေးရွာ၊ ရေကျော်ကျေးရွာနှင့် ကျုံကူးကျေးရွာပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် ပုသိမ်မြို့ မြင့်မြတ်အလင်းတရားအလှူတော်အဖွဲ့နှင့် ပြင်ခရိုင်ကျေးရွာ မြောက်ကျောင်းဆရာတော်တို့ ပူးပေါင်းပြီး ဧပြီ ၂၈ရက်မှစ၍ ထော်လာဂျီများ၊ စက်လှေများ၊ ငါးဖမ်းသင်္ဘောများဖြင့် နေ့စဉ် သောက်သုံးရေ ဂါလန် ၂၅၀၀၀ကျော်ကိုလည်းကောင်း၊ မေ ၁၂ရက်တွင် စက်လှေများဖြင့် သောက်သုံးရေဂါလန် ၁၅၀၀ကို

စာမျက်နှာ ၈ ကော်လံ ၁ ❐

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ - စုစည်းသည်

ဟော်မုန်းဓာတ်ချို့တဲ့လျှင် ခန္ဓာကိုယ်ပုညက်စေနိုင်ဟုဆို

လန်ဒန် မေ ၁၃

ခန္ဓာကိုယ်ကြီးထွားစေသည့် ဟော်မုန်းဓာတ်များ ချို့တဲ့လျှင် အရပ်ပုစေနိုင်ကြောင်း လန်ဒန်ဆေးတက္ကသိုလ်မှ ဆရာဝန်များက သတိပေးထားသည်။

ကြုံလှီစေနိုင်

ဆယ်ကျော်သက်အရွယ်တွင် ဟော်မုန်းဓာတ်ချို့တဲ့လျှင် ခန္ဓာကိုယ်ကြုံလှီစေနိုင်ကြောင်းဖြင့်လည်း ဆရာဝန်များက အကြံပြုထားသည်။

ဂရုစိုက်သင့်

ငယ်ရွယ်စဉ်ကလေးဘဝတွင် ကျန်းမာရေးကို ဂရုစိုက်သင့်ကြောင်း ခန္ဓာကိုယ်ကြီးထွားမှု ဟော်မုန်းဓာတ်ချို့တဲ့မှုမရှိစေရေးအတွက် အစားအသောက် အအိပ်၊ အနေအထိုင် အရေးကြီးကြောင်းဖြင့်လည်း အကြံပြုထားသည်။

ဟော်မုန်းဓာတ်ချို့တဲ့၍ ကြုံလှီပုညက်နေပါက ပြုပြင်နေထိုင်သွားခြင်းဖြင့် ခန္ဓာကိုယ် ဖွံ့ဖြိုးလာစေနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၅ ✻

ထူးခြားသည့် နေ့အပူချိန်များ

၁၃-၅-၂၀၁၀

မြင်းမူမြို့	၄၇		ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၆	ဒသမ ၅	ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၅	ဒသမ ၇	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၅	ဒသမ ၅	ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၅		ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၄	ဒသမ ၈	ဒီဂရီစင်တီဂရိတ်